14302

ယခုပစ္စုပ္ပန်လောကထင်ရှာ။ဗုဒ္ဓဘာသာ
ဝင်အပေါင်းတို့။ကောင်းကောင်းကြီး
ဂရုဓမ္မ။ပွားဆာသံဝေ။ ပြုကြစေရန်။
ကျမ်းဂန်ဗဟုသုတ။နည်းနယ
တို့ဖြင့်။မှီးဆ၍ရေးသားအပ်ပေသော။
ကံ၊ဉာဏ်၊ဝီရိယနှင့်။

# ဓညဝတီရခိုင်ပြည်ကြီး
# ၏
# အထုပ္ပတ္တိစာတမ်း။

ပြုစုရေးသားသူ။မောင်ဘိုးကျိုင်အစိုးရကျောင်းဆရာကြီး။
ပဌမနှိပ်ခြင်း(၁၀၀၀)
ရန်ကုန်မြို့။
မြန်မာနိုင်ငံကူးသန်းရောင်းဝယ်ရေးသတင်းစာပုံနှိပ်တိုက်၊
အတိုး–၂၀။

aa 1

ompb6897

ဓညာဝတီရခိုင်ပြည်ကြီး၏အထုပ္ပတ္တိစာတမ်း။

နမောတဿဘဂဝတောအရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓသာသနံ၊ စိရံတိဋ္ဌတုသဒ္ဓမ္မော။

သမ္ပတ္တိသက်၍။ဝိပတ္တိပျက်စေရန်၊ ဂရုဓမ္မ၊ ပွါးဆ
သံဝေ။စဉ်းစားအပ်ပေသော။ကံ–ဉာဏ်–ဝီရိယနှင့်။
ဓညဝတီရခိုင်ပြည်ကြီးအတ္ထုပ္ပတ္တိစာတမ်း။

ကျွန်ုပ်တို့၏ကုသလ၊ ယခုဘဝ နေထိုင်ပျော်မွေ့ရာ၊ဤမြန်မာနိုင်ငံတော်၏။တစိတ်တဒေသ၊ပစ္ဆိမအနော်နယ်နိမိတ်ကြီးဖြစ်တော်မူ၍၊အံ့ဘွယ်ရှစ်ဖြာသမုဒ္ဒရာကမ်းခြေ၊ လူနေစည်ကား၊ ကျွန်းကြီးများနှင့်၊နေထားတင့်တယ်၊သွယ်သွယ်လျှံပတ်၊စကြာရပ်ကြေညာ၊ သတ္တဝါဗိုလ်လူ၊ ဟိန္ဒူဂူတို့၏၊ ကြည်ဖြူ

မြတ်လေး၊သတင်းမွှေးပေသော၊ဤရက္ခပူရ၊ဓညဝ
တီ၊ဌါနီမင်းနေ၊ထွေထွေလျှံညီး၊ရွှေပြည်ကြီးသည်။
အညီစဉ်လာ။ ယခုအခါ၌၊ သာယာစည်ကား၊ထွန်း
ထင်ရှားလေသည်သာမဟုတ်ပေ။ ကပ်ကြီးကမ္ဘာ၊
များစွာ အတိတ်၊ ပရိစ္ဆေဒ၊ နှစ်ကာလ ပဝေဏီအ
ပေါင်းတို့ကပင်၊ လျှံငြှောင်းနေလ၊ ထွန်းပဝေဖြာ၊ေ
ကျာသို့၊တော်ဓာပွင့်လန်း။ဂုဏ်နံ့ပန်းဖြင့်။တင့်ဆန်း
ဒေဝါ၊ အဇ္ဈာ ဝေဟင်၊ ဘေ့ခွင်သောင်းရပ်၊ နှံ့
စပ်ကျော်ရှိ၊ဂုဏ်သိဒ္ဓိဖြင့်၊ဘူမိပထဗျာ၊သင်းနံ့ ဖြာ
လျှံကာ။သာယာပွင့်လန်း၊ စာနိဒါန်းတွင်ခဲ့လေသည်
ဖြစ်ရေ့ကြောင်း။

ထိုသို့ကြေညာ၊ဂုဏ်တံထွာကား၊ သတ္တာဗော
ဓိ၊ဘုန်းရှိလောင်းလျာ၊စောမြတ်စွာသည်၊ ခါခါစင်
ယူ၊ဗုဒ္ဓဂ်ုစစ်၊နို့သည်ခေတ်က၊ ပြုရစ်ပဋ္ဌနာ၊ပါရမီ
ကြူး၊စာဂီထူး၍၊ ဆည်းပူး ဖြည့်ကျင့်တော်မူခဲ့ရာ၊
အဂ္ဂအောင်ချာ၊ ထင်လျှားရာသည်သာမက၊ ဘဒ္ဒ
ကမ္ဘာ၊နရာသက်လမ်း၊တသောင်းတန်းခေတ်။လျှမ်း

စစ်သင်္ချာ၊ မဏ္ဍလာသောင်းရပ်၊ လျှံပတ်ဘုန်းရှင်၊ အင်ခွင်သမ္ဘာရ၊ တဥ္စနပြည်ရှင်၊ ဘုရင်ကံသား၊ရာဇာရှုမငြိုး၊ သိမ်းရင်းခြာ၊ဂန္ဓာဒေဝ၊ ပုဏ္ဏမျက်ပျော်၊ သားတော်တကျိပ်၊ဘွဲ့နှိပ်ပန်ဆု၊ဝါသုဒေဝ၊ဗလညီနောင်၊ လူ့ဘောင်အောင်ခန်း၊ဘိသိက်ပန်းကို၊ဆင်မြန်းပန်ဆင်၊ဂုဏ်အင်မယ်နှ၊ ရွှေဘုန်းတော်ခတော်မူခဲ့ရာတွင်လည်း၊ လောင်းတော်ဇုဋ္ဌင်၊ သုံးလူ့ရှင်သည်၊အဝင်တယောက်၊အောက်အငယ်ဆုံး၊မြပန်းကုံးမျှ။အင်္ဂရအထက်၊မပျက်နန္ဒာ၊မည်သာစာတ။ပဏ္ဍိတဟု၊ နာမကြေညာ၊ ကျင်လည်ရာဒေသ၊မြို့ဒွါရမှ။နှစ်မရင်းချာ၊ အဥ္စနာသည့်၊ဖြပဗ္ဗာသုန္ဒရ၊ကြွင်ဘက်မျှလျက်၊ထွက်ခစံရာ၊ရတနာဥဿာနီ၊ ရွှင်ကြည်နဂရ၊ ဥကာသ်ပဏ္ဏ၊ ဘွင့်တော်မူ၍၊ ထီးဖြူခရိုင်၊နိုင်ငံဌာန၊သားမြအစဉ်၊မြေးလျှင်အဆက်၊ မြစ်ခက်အညွန့်၊ အခွန့်ရှည်ကြာ၊ စိုးစံတော်မူခဲ့လေရာ သည်ကား၊ဤဓညဝတီ၊ဌာနီမင်းနေ၊ ထွေထွေလျှံပြိုး၊ရွှေပြည်တော်ကြီးဖြစ်ပေကြောင်း။

ထိုသို့အဆက်၊ မပျက်နွယ်လာ၊ စိုးစံရာတွင်၊ ယက္ခာဘေးဘျမ်း၊ ဆိုးသွမ်းနှိပ်စက်၊ ကွယ်ပျက်တိမ်ကော၊ ဂုဏ်တော် လျှောရာမှ၊ ဒေဝရာဇာ၊ စကြာငါးချက်၊လက်နက်ဝရဇိန်၊မါဂိန်ဝုဓ၊ဆက်ခါသ၍၊တိုင်းမြေအောင်ချာ။ ပထဗျာဘုမ်၊ သမ္မုတိအရှင်။ဘုရင်မာရယု။အစပြုလျက်။ ဂုဏ်မြေကြက်သရေ။ဘုန်းတော်ဩသည့်မှစ၍။ရွှေပြည်အောင်ချာ။ ရတနာဝပြော။ ဆက်ခါဆက်ခါ။ နှစ်ရာရှစ်ရပ်။ လောကနတ်တို့။ တင့်အပ်မင်္ဂလာ။ မဟာဥကင်။ ဆင်ယင်စံမြန်း။ မေဃ္ဃာပန်းဖြင့်။ဝင့်လန်းကြည်တော်မူရာ။ မဟာရေစ္စ ။တိုင်းနက်သန်သည်။ထပ်မံထွန်းကားတော်မူဘူးခဲ့လေသည်မှာ။ရာပေါင်းများစွာသောပရိစ္ဆေဒ။နှစ်ကာလတို့ဖြစ်ပေကြောင်း။

ထိုသို့စဉ်လာ။မဟာဥကင်။ ဆင်ယင်သမိုက်မကိုန့်စည်ကြီး။ရွှမ်းဆောင်ငြိုး၍။ လျှံထိန်းနေလိုဝင်းသည့်မှစ၍။ မာရယုမပျက်။ အဆက်နွယ်လာ။ေကာဒသမ။ရာဇလျှံလက်။ ကနက်ထင်ထင်။ဘုရင်

မဟာ။စန္ဒာသူရိယ။နာမမှန်ကင်း။ လူ့စောမင်း၏။
မယွင်းလက်ထက်။ စဉ်ဆက်ရှည်ကြာ။လွန်ခဲ့ရာ
ဟု။သာသနာထွန်းပေါ်။ နှစ်ထောင်ကျော်နှင့်။ ငွန်း
သော်လေးရာ။ လေးဆယ်ခါတွင်။ ရာဇာဝိသုဒ္ဓိ။မ
ဏိစောဖျား။ မြတ်ဘုရားသည်။ ထင်လျား ကိုယ်
တိုင်။ရခိုင်ရက္ခဝတီ၊မြန်းချိဒေသစာ။ ကြွရောက်ခါ
ဖြင့်။ဓညာဖြန့်မွှေး၊ ဩဘာပေးလျက်။ ယဉ်ကျေး
ဖြည်လူ။ဟိန္ဒူဂူကို။ကြည်ဖြူမေတ္တာ။ရောဟုလာသို့။ပ
မာမချား၊တရားရေဖြင့်။ဓမ္မဆေးဖြင့်။တိုက်ကျွေးဆုမွ၊
နိဗ္ဗာနသို့။ လမ်းပြတော်မူပြီးမှ။ ရတနာပန္နက်။ဘ
ဝင်ကြည်ညာ။သုံးဖြာနတ်လူ။သုံးဘုံသူတို့။ကြည်ဖြူ
စေတနာ။ဦးညွှတ်ရောဟု။ မဟာမုနိ။ ဘုန်းရှိကိုယ်
စား။မြတ်ရုပ်ပွားကို။ ထင်လျားရည်သန်။တန်တန်
ဝန္ဒနာ။ပူဇော်ရာကြောင်း။ မိန့်တော်လောင်း၍။အခ
ပေါင်းကြည်ညာ။ တိုင်းမဟာတွင်။ရှေးအစဉ်၌။ဘု
ရင်စောဖျား။ငါဘုရားသည်။ထင်လျားပါရမီ။မြတ်
စာဂီကို။အညီလောင်းလျာ။နှစ်စဉ်ခါက။ ဖြာဖြာဘ

ာ။ကျင်လည်ရ၍။ ဒသသုံးသိ။ အင်ညီမရွှေ့။ဖြက
တော့ ဆည်းပူးတော်မူရာ။မဟာနက်သန်။ရတနံဘု
မိ။ဓိပတိတံခွန်။မြေမျှော့မွန်ဟု။ရည်ညွှန်ဗျာဒိတ်။ဘွဲ့
တံဆိပ်ဖြင့်။အတိတ်ဆောင်ကာ။အာနန္ဒာကို။မြွက်
ခါဟောကြောင်း။ ကျမ်းပေါင်းပိဋကတ်။အရပ်ရပ်
ရာဇဝင်။ နိပါတ်စဉ်သရိုင်း။ သံပိုင်းကျောက်စာ။
အဖြာဖြာတို့က။သေချာစွာသက်သေခံကြရုံမျှမက။
မျက်မှောက်ဒိဋ္ဌ။စအနကို။ မချတွေ့ကြရလိမ့်မည်ဖြစ်
ချေကြောင်း။

ထိုသို့မင်္ဂလာ။ မဟာကြက်သရေ။ ဂုဏ်မြူတေ
ဖြင့်။ ရွှေပြည်ရိုက်ငြောင်း။ မင်းကောင်းစိုးမြတ်။
လောကနတ်တို့။တင့်အပ်သိတဂူ။ပဏ္ဍုဖြန့်ရိုး၊ဂုဏ်
နှံ့ကျို့၍။အရပ်စိုးစံစားတော်မူခဲ့ကြလေရာမှ။နောက်
ဆုံးဖြစ်သော။ မဟာသမတရာဇာ။ နရာထွန်းထား။
မင်းတရားမှသည်။တောဘူမက။ သင်္ခါရသဘော။
ရွှေ့လျော ငြင်းအားသန်တော်မမူနိုင်ခြင်းကြောင့်။
သရနေ့မှသည်။အတိတ်နှစ်ပေါင်းတရာနှစ်ဆယ်ကိုး

နှစ်အလွန်။အမွန်သက္ကရာဇ်။၁၁၄၆ခုနှစ်တွင်။မြန်
မာ့ထိပ်ကျော်။မြတ်ဘိုးတော်သည်။တိုင်းပေါ်နိုင်ငံ။
ပိုက်သိမ်းစံလျှက်။ တဘန်ပရိဿဒ။ လေးဆယ်မျှ
တွင်။ တိုင်းမြရဇ္ဇုံ၊အင်္ဂလံဟု။ နာမံကျော်ငြီး။လူ့
စောထီးသည်။ဘုန်းမီးတေဇါ။အာဏာလက်အောက်။
ကျရောက်သိမ်းသွင်း။လက်နက်ရင်းဖြင့်။ရင်တွင်း
ယုယ။စောင့်ရှောက်မသည့်မှစ၍။ယနေ့တိုင်အောင်
ကျော်ဆောင် ရှစ်ဆယ်ကိုး။ဆိုရိုးသက္ကရာဇ်၊ထွန်း
သစ်ဒိဗသ။ ရှည်ကြာ သမယ။ ခေတ်ကာလစိုးစံ
တော်မူရာဖြစ်သောကြောင့်။ရခိုင်သေဌ်နင်း။တရား
မင်းတို့။ဖြတ်ကင်းကွယ်ပ။တိမ်ကောရလေသည့်မှါ။
နှစ်ပေါင်းတရာနှစ်ဆယ်ကိုး။ ဆိုရိုးအမွန်။ အလွန်
ရှည်ကြာ၊ကျော်မြော်လာခဲ့ လေပြီဖြစ်ချေကြောင်း။

ထိုသို့ကွယ်ပျောက်။ တိမ်ကောမှောက်လေပြီး
နောက်။အံ့လောက်သတင်း။အင်္ဂလိပ်မင်းတို့သည်။
တိုင်းရင်းနက်သန်။ဘူမိယံကို (အာရကံနာမ)။ ဘွဲ့
တော်သလျက်။ဓညဝတီ။မြို့ဌာနီမှ။ယာယီလွှဲဖယ်၊

လွန်တင့်တယ်သော။ နောက်ဆွယ်မြကျွန်း။ မာဂိန္ဒွန်းဖြင့်။ ပေါ်ထွန်းသည့်ပမာ။ စစ်တွေကျွန်းနဂရသို့။ လှံ့ပြောင်းကာမြို့တော်တည်လျက်။ ( မြို့အာဘျက်နာမ ဖြင့်)။ ကမ္ဘာလျှံအခြေမှီးပြီးလျှင်။ တိုင်းပြည်ကြီးဓညကို၊ လက်နက်မှန်ပြုခဲ့လေသည်မှာ၊ ယနေ့တိုင်အောင်။ ကျော်ဆောင်ရှစ်ဆယ်ကိုး။ နှစ်မျိုးသက္ကရာဇ်။ ထွန်းသစ်ရှည်ကြာ။ ဒီဃာပရိဿဒ၊ လွန်မြောက်လာရပြီ ဖြစ်သော်လည်း။ လွန်ခဲ့သောနှစ်ပေါင်း။ ကျော်ဖြောင်းမြောက်ဆယ်။ ဝွန်းကယ်ကာလ။ သမယသေးငယ်။ တံငါသည်ပမာဏ။ ဇင်လနက်သန်။ ကျွန်ဒိပံသဉ်။ အံ့စရာထွမ်း။ အခြေကြီးဖြင့်။ ရွှေပြည်ကြီးမကိုဋ် သဏ္ဌာန်သို့။ အတန်တန်အင်္ဂါရုံပြီးလျှင်။ ဘုံဘဝင်ကြေညာကျော်အောင်၊ တေဇာတော်ဖြန့်နှံ့ခဲ့လေသည်မှာ။ ကျွန်ုပ်တို့၏ကံအားလျော်စွာ ဖြစ်ကြချေသည်ဟူ၍ ဆိုဘွယ်ရာသင့်ချေကြောင်း။

ထိုသို့ဖြန့်နှံ့။ ဂုဏ်သီးသန့်သည်နှင့်အညီ။ ဌာဝ

ခြား။ဆန်လအားသို့။ တိုးပွားကြီးကျယ်။ ခုခေတ်
ဝယ်တွင်။ သွယ်သွယ်သာသနာ။ ဖြာဖြာနေဝန်း။
တောက်ပခြင်းနှင့်။ တိုင်းချင်းရှက်ခါ။သွားလာကူး
သန်း။ရေကြောင်းလမ်းဖြင့်။အေါင်ခန်းသဘော်ဆိပ်၊
လျှမ်းဘိတ် ချက်ခြာ။ ဆိုက်ကပ်ရာမြို့ကြီး။ ဂုဏ်နံ့
သီးသဖြင့်လည်းကောင်း။တိုက်တာအိမ်ခြေ။ လူနေ
ဆက်ခံ။ကြက်ပျံမကျ။စည်ကားလှ၍။ဌာနသေချာ။
ဒေဝရာ၏။တေဇာမဉ္ဇူ။ နတ်ဘန်ကြို့သကဲ့သို့။တိုင်း
မြို့အောင်ချာ။ ဖြာဖြာကုမ္ပဏီ။ ရုံစီသူဌေး။ ယဉ်
ကျေးကုန်သွယ်။ ကြီးငယ်ရာရှိ။ ပြိုးပြွမ်းဘိ၍။သိရိ
ကြက်သရေ။ ရနံ့ချွေလျှက်။ ထွေထွေ ပန်ညောင်း။
ဂုဏ်ညွှတ်ပျောင်းသဖြင့်လည်းကောင်း။ဘိလပ်အင်္ဂ
လန်။ဂျာမန်အမေရိက။ ပြင်သစ်စသော။ တိုင်းမြ
ပဿာ။ ပညာထက်သန်။ လောကီဉာဏ်ကို။ တန်
တန်ဆည်ပူး။ပါရဂူမြောက်။မုံသောက်အာနိ။ ဇာမ
ရီသို့။ အင်ညီမကွာ။ချာချာညက်ကြွ။(အင်မ်အေ-
ဘီအလ်)။ဘာရက်ဆတာဝတ်လုံ။အာဂုံနှိုသျှ။များ

သိပ္ပကို။ ရူးယှပေါက်မြောက်။ ဘက်ကမ်းရောက်လျှက်။စုံလောက်ကာပီ၊သိရိကျော်မွန်။ပညာဝန်နှင့်။ရကာဝန်သီလ။ပေါကြွယ်ဝသဖြင့်လည်းကောင်း။ပါရမီသမ္ဘာရ၊ကုသလပုည။ရာဇာ့သေဌ်နင်း။တရားမင်းတို့။လက်ငင်းချီးမြှောက်။လက်သုံးကောက်၍။မှတ်လောက်အစဉ်(အေ-တီ-အင်မ်။ ။တီ-ဒီ-အာင်မ်)။မျက်ရှင်ပတ္တမြား။ကဲ့အလားသို့။မခြားနာမံ။(ကေ-အာက်ဆ်-အင်မ်။ ၊ဆီ-ဒိုင်-ဇီ )။ အထီလီဘွဲ့တံဆိပ်ဖြင့်။ခပ်နှိပ်သောရာဇာပန်းကို။ ဆင်မြန်းကာခံယူ၍။ စုံမတူ ဂုဏ်ပန်းနှင့်။ ဉာဏ်ပညာဆန်းကြွယဖြင့်လည်းကောင်း။ ထိုသို့ထင်ရှား။ မြို့အင်္ဂါနှင့်။ညီညာဖြန့်ပြော။ဘုမ်မွှေ့နေ။ ရွှန်းရွှန်းဝေသည့်။တက်နေအလား။ပတ္တမြားရတနာ။ အရာရာသည်။ကမ္ဘာကျော်နှံ့။ သတင်းဖြန့်သည်မှာ။ မြေမဆန့်ဖြစ်ခဲ့ပေသော။ ကျွန်ုပ်တို့၏ ပျော်နေ။ မြို့စစ်တွေ ဖြစ်ချေကြောင်း။

ထိုသို့ကမ္ဘာ။ကြေညာရက်သန်း။ ဂုဏ်ပွင့်လန်း

သည်နှင့်ပျော်ငွာ။ ရတနာစီးပွား။ တိုင်းမြို့ခြားနှင့်။ နေထား ပြုမူ။ ဂုဏ်တူ မရွေး။ သတင်း မွှေး၍၊ ယဉ်ကျေးလိမ္မာ ကြပေသည်မှာ၊ ဝမ်းမြော်ဘွယ် ရာကောင်း သော်လည်း၊ တိုင်းရင်း ပြည်ဘွား၊ အမျိုးသားနှင့်၊ နယ်ခြားရပ်လူ၊ ဥဒဏ်မတူ၍၊ ဟန် မူမကျ၊ ဇောလုံ့လဖြင့်၊ ကိစ္စရေးရာ၊ အဖြာဖြာကို၊ တူစွာလုပ်ဆောင် ကြလေရာ၊ အများသော အသား၊ တိုင်းရင်းဘွားတို့မှာ၊ သတိပညာ။ ပေါ့လျော့ကာ ဖြင့်။ ဖြာဖြာကိစ္စ။ မှုကမ္မတို့၌။ အေခံကျနောက်ကျ။ သေးငယ်ရ၍။ တနေ့တခြား။ ရေနည်းငါးသို့။ စီးပွါး ရေးရာ။ ရတနာ ဆက်ဆက်။ ကွယ်ပျက် ရှားပါး။ အစဉ်ရိုးရာ။ ဘလာဘိုးဘေး။ များပစ္စည်းတို့သည် လည်း။ တဖြည်းဖြည်း နိုင်ငံခြားလူတို့လက်တွင်း သို့။ သက်ဆင်းခါကျရော်ရလေသည်မှာ။ ဤခေတ် နှင့်တဝက်မျှရုံမက။ အနာဂါတ်ပရိန္တေဒတွင်။ (ဘ ရီဝိရတ်။ ထားမကုတ်နှင့်။ တဲပုတ်သာ ကျန်တော့ မည်)ဟူသော။ ရှေးပေါရာဏစကားထုံးကို။ ပိုက်

ကျုံးထင်စားဘို့ရော။ ယုံမှားဘွယ်မရှိသဖြင့်။ဥာဏ်ပညာ ကျဉ်းမြောင်း၍။ ကံလမ်း ကြောင်း သက်သက်ရိုးသော၊ အမျိုးသားကျွန်ုပ်တို့မှာ။ ကိုးကားစရာဝမ်းနည်းခြင်းဖြင့်။ လက်ငင်းပင်တွေး မျှော်ရေးသည့်။ဆေးလေးဘွယ်မသင့်ကြဘဲ( ငါးလွန်မှကွန်ပွန်း။မိုးလွန်မှထွန်ချ) ပမာဏထုံးစကားကို။ ပယ်ရှားရန်ချိန်အခွင့်။ သင့်တင့်စွာ ရောက်ရှိလေပြီ ဖြစ်ချေကြောင်း။

ဤအရာ၌။လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က။တိုင်းရင်းသားစည်းစိမ်ကို။ ယခုအနေဖြင့်ချင့်ချိန်သည်ရှိသော်။ အတိုင်းမသိ ယုတ်နိမ့်ရလေပြီကို။သိသာရလိမ့်မည်ဖြစ်သောကြောင့်။(သတိကိုတမန်။ ဥာဏ်ကိုမြေကတုတ်။ ပညာစွန်းကိုချွန်သို့အရပ်ရမည်)ဟူသော။ ရှေးပညာရှိ၊ ကဝိပေါရာဏတို့စကားရပ်သည့်။အထပ်ထပ်နှိုးဆော်လျက်ရှိကြပေသည်ကို။ကျွန်ုပ်တို့သတိက။စွဲဘိခြင်းလက္ခဏာမရကြပေ။ယခုအခြေအနေအားဖြင့်။ ထောက်

ဆသည်ရှိသော်။ရှေးသို့လည်း။ဤမျှမက။ကျဘဲကျ
ရော်လတ္တံ့သည်။ ဖြန့်နှံ့ လျက်ရှိသေးသဖြင့်။(လာ
မည့်ဘေးကိုအဝေးကမြင်မှအသက်ရှည်ရာသည်)
ဟူသော စကားထုံး သည်။ ပိုက်ကျုံး စွဲမြဲဘို့ရာ၊
တိုင်းပြည် နိုင်ငံနှင့်။ ပိမိတို့အကျိုး စီးပွားကို။ နှိုး
ကြားလမ်းပြလျက် ရှိသည့်သာမက။ အရပ်ရပ်သ
တင်း။မဋ္ဌဇင်းပညာဝါတို့က။ အခါခါဝိပ္ပတ္တိဘေး။
မြော်တွေးကာထုတ်ဆောင်ပြသော်လည်း။ ကြား
နာရုံခဏ။စိတ်ထဲ၌ယှဉ်နလျက်။အလဟာသသာ၊ကမ္ဘာသ
ကာ။ ဆုတ်ကာလ ခေတ်အခါဟု။ ပစ်ပယ်ကာမျှ
စရင်း၌။တင်သွင်းကာမေ့လျော့ကြလေသည်မှာ။
ဖျင်းရိခြင်း ရိုက်မှောင်ကို။ ဥသာဇ်ရောင်က မအုပ်
ပိုးနိုင်သည်ဖြစ်သောကြောင့်။ တဦးသောကျောင်း
ဒါယကာက။ရဟန်းဆရာကိုလျှော်ထားသည်မှာ။
ဤမှန်စီရွေချသောကျောင်းမျိုးကို။ တပည့်တော်အ
ပုံကြေးငွေမှုဖြင့်၊ ဆယ်ချမျှဆောင်နိုင်သော်လည်း၊
အိတ်ထဲကငွေတပြားကို။လါးလားမျှမထုတ်ဝန့်ပါ

ဟု။ လည်ဆယ်ကာ ချောက်ထားဘိ သကဲ့သို့။ ကျွန်ုပ်တို့မှာလည်း။ထိုနည်းအတူ။ အမူမူအသွယ်သွယ်။အနယ်နယ်အရပ်ရပ်။အထပ်ထပ်အဖြာဖြာ အရာရာနှိသူ။ ဗဟုသုတတိုးပွား ဆုတ်ယုတ်ပုံ။ ဖြည့်နယ်ကုန်သတင်း။ ပစ္စက္ခမဂ္ဂဇင်းတို့ဖြင့်။ ထင်လင်းစွာဘတ်ရှု သိမြင်ရပြီးလျှက်။ တစုံတခု။ ပြုရဘွယ်ရာကိစ္စ၊ စိတ်မပါကြခြင်းသည်။ကျွန်ုပ်တို့၏ မြန်မာရခိုင်။အလေ့သဘောထား။ကံသွားတခုကို။ အားပြုကာ ရိုးကြသည် ဖြစ်သောကြောင့်။ (နွားကဲ့ ကျားကိုက်။ သစ်ထိုး လေညှင်း ) ဆို ထုံးစကား သဉ်။ကျွန်ုပ်တို့ထိပ်ထက်၌၊ တံဆိပ်ကြီးခတ်လျက် ရှိပေသည်ကို။ ခွါထုတ်ရန် မတတ်နိုင်ကြပေသည် သာမက။ ဆုတ်ကာလနစ်နာချက်သည်။ မြန်မာရခိုင်အတွက်၊ သက်သက်ကြီးဘိစီး၍။ တိုင်းပြည်ကြီးအနှယ်နှယ်တို့မှာ။ ဘယ်ဝယ်ခါမဆိုင်သကဲ့သို့။ဆိုဘွယ်ရာကျရောက်သည်ကို။ ပညာဥာဏ်အလင်းဖြင့်။သွတ်သွင်း၍ရှုသင့်ကြချေကြောင်း။

အဘယ်ကြောင့်ဆိုသော်။ ယခုအခါ၊ အရာရာ၌။ ကျွန်ုပ်တို့နေထိုင်ပျော်မွေ့ရခြင်းသည်။ တနေ့ထက်တနေ့။ ကျုံ့သိမ့်ကျဉ်းမြောင်းလျက် တွေ့ရသဖြင့်။ ဝံသာနုရက္ခိတ။ မျိုးနွယ်စောင့် ဓမ္မအားလျော်စွာ။ တဦးနှင့်တဦး၊ ဆည်းပူးရုံး၍။ ကြောချင်းကပ်မှီ။ ရင်ဆိုင်ချီပြီးလျှင်။ အလီလီခုခံခြင်းတည်းဟူသော ခေတ်ကာလ ပညာအား ဖြင့်။ တိုးပွားသော နည်းလမ်းတို့ကို။ စခန်းနှင့်စီမံရန် အမှန်ပင် သင့်လျော်ချေသည်မှာ။ ဝမ်းနည်းဘွယ်ရာအချိန်မကုန်သင့်ရာချေကြောင်း။

ထိုသို့စီမံသင့်သည်နှင့်လျော်စွာ။ မျက်စိကြီးနါးကြီး။ ဘိလပ်အင်္ဂလန်။ ဂျာပန်၊ အမေရိကာ။ ရာဇဌါနီ၊ နယ်ပြည်တိုင်းကြီး။ စနစ်နည်းကို။ သိပ်သည်းဖြန့်ကျယ်။ ပညာကြွယ်သော။ ကျွန်ုပ်တို့မြို့နယ်။ ပညာဝန်။ ဂုဏဝန်။ သီလဝန် အပေါင်း၊ များသောင်းသောင်းတို့က။ နှစ်ထောင်းမေတ္တာ။ ကရုဏာကို။ အခါခါပွားများသဖြင့်။ အတ္တဟိတ။ ကာမဗိတက်။ သား

မယားအိုးအိမ်။ကိုယ့်စည်းစိမ်ဥစ္စာ။ ဆိတ်ငြိမ်မှုတ၊ ကိုယ့်ပညာမပြဘဲ။ ဝံသာနုရက္ခိတ။ ဝံသာဝဆုနု။ဝံ သါဝိရဥ္ဆ၊ဝံသာဝေပုလ္လ။မချစ်ကျော်စွါ၊ထောက်ထား ကာဖြင့်။လောကာဓမ္မ၊နှစ်ဝထင်ထင်၊ရေသွင်ကြာ မျှ၊ပမာဏဖြင့်၊ဘာသာဆန့်ကျင်၊ မဖြစ်လျှင်ဘဲ၊စိ စဉ်ပန်သာ၊လောကဗ္ဗဟု။ စရိယနှစ်တန်၊ ဝေတန် ရှုယ်နှုံး၊သဒ္ဒါရိုထုံးဖြင့်၊ဖွဲ့ကုံးကာစီမံသင့်ပေသည် မှာ၊ ကလျာဏအပေါင်း သူတော်ကောင်း တို့၏ ညွှတ်ပျောင်းသော စေတနာဖြင့်၊ သင့်တင့်စွာ ဆိ သေဗ္ဗာကို။အားပြုကာကြိုးပမ်းခွံ့တိုက်ရန်တာဝန် ဖြစ်သင့် သည်ဟူ၍ မျှော်လင့် ယုံကြည် သင့်ပေ ကြောင်း။

ထိုဖြင်တဆင့်၊ကံအခွင့်ဆိုသည်မှာ။မချဆတ် ဆတ်။ပရမတ်အရာ။ အစိန္တေယျဉာဏ် မဟာဖြစ် သောကြောင့်၊မည်သူတဦးတယောက်မျှ။ ဟုတ်ဖ ပေသည်ဟူ၍ ဝန်ခံခြင်းငှာမထိုက်ချေ။ ရှေ့နောက် ဓမ္မ။နှိုင်းထောက်ဆ၍၊ကျမ်းမြဲ သဘော၊ အဗ္ဗနော

အထင်ခံ။ရည်သန်ကာ ငါတည်းဟူသော မာန၏။
အောက်ကျရာ ဉာဏ် မှီသရွေ့။ ပြကတေ့ အသိ
ဉာဏ်။ညှိဘန်ကာဖြစ်သင့်သောကြောင့်။ယခုလော
ကပစ္စုပ္ပန်။ အလိမ္မာကံ၊ ဉာဏ် ဝိရိယ၊ စွဲထောက်
ဆရှုသင့်ပေသည်မှာ။အစိန္တေယျ။လောကမျက်ရှု
သဗ္ဗညုသခင်၊ဘုရားရှင်သည်။သုံးခွင်လောက။တို
သုံးဝဋ္ဋ။လည်ကြသတ္တဝါ၊များထွေရာကို။ကံသာအ
ဒိ။ကံသာအဘ။စောင့်ရှောံမ၍။ ကံမျှလျော်စွာ။ဖြစ်
ကြရာသည်။ ကံသာကိုးကွယ် လည်းလျောင်း ရာ
ဖြစ်ကြောင်းနှင့် (ကမ္မံသတ္တေဝိဘဇ္ဇတိ)ဟူ၍ပေါ
တော်မူပေသည်မှာ။သတ္တေ၊သတ္တဝါတို့တွင်။ကမ္မံ၊
ကံသည်။ ဝိဘဇ္ဇတိ၊ ဆောင် တတ်၏ ဟူ၍ ဝင်း။
(သဗ္ဗေသတ္တာ၊ကမ္မသကာ)။ သဗ္ဗေ၊ အလုံးစုံသော။
သတ္တာ၊သတ္တဝါတို့သည်။ ကမ္မသကာ။ ကံသာလျှင်
ဘန်ဆင်း အကြောင်းရင်းရှိကြကုန်သည်။ (ကမ္မာ
ကမ္မဝိပါကဉ္စသဒ္ဒဟိတွာမယံဘန္တေ)။ဘန္တေ၊ အ
ရှင်ဘုရား။မယံ၊အကျွန်ုပ်တို့သည်။ကမ္မဉ္စ။ကံကိုရင်း

ကမ္မဝိပါကဋ္ဌ။ကံကံ၏အကျိုးကိုရှင်း။ သန္တဟိတ္တာ
ယုံကြည်ပါကုန်သည် ဖြစ်၍ရှင်း။ ထို့ဖြင်တာဝ။ သု
ဘလုင်။ပရိပိုဇ်စင်ကို။ရှင်ပင်မြတ်ဖျား။ ဟောမြွက်
ကြားသည်မှာ(ကမ္မသကာမာတာဝသတ္တာ)ကံသာ
ဘန်ဆင်း၊အကြောင်းရှင်းဟု။ မယွင်းသဘော။(မ
နောပုဗ္ဗင်္ဂမာဓမ္မာ)ထင်စွာထက်ကြပ်။ နောက်ထပ်
မကွာ။ဉာဏ်ကိုပိုင်။ပြုဖြင်နိုင်ကြောင်း။ကျမ်းပေါင်း
ဓမ္မစက်။ ဟောကြားချက်ကို။ ဘက်စွက်ထွေရာ
ဉာဏ်မရှာဘဲ။ ရေးကံသာသက်သက်။ ကောက်ယူ
ချက်ကို။ထက်မြက်သေချာ။ စဉ်းစားရာသည်မှာ
များစွာကြီးလှအပ်သော အရေးဖြစ်ချေကြောင်း။

ကံဆိုသည်မှာ။ ကမ္မသဒ္ဒါ။ ဆင်းသက် လာ
သောကြောင့်။ ကမ္မအမှု။ပြုရထွေရာ။ သုံးဖြာဒွါရ
ပဏာမတို့၏။ထွပ်ရှားပြုဖြင်။ အစဉ်ကျက်စားရာ
ဖြစ်သဖြင့်။ ထိုသုံးပါးပြုဖြင်မှုကို၊ ကံဟူ၍ ကောက်
ယူသင့်ချေသည်မှါ။မှားယွင်းဘွယ်မထင်သင့်ချေ။
ထိုသုံးပါးတို့သည်။ အိပ်ပျော်မိန်းမောရာမှတပါး။

ကမ္မဝိပါကဥ္စ။ကံကံ၏အကျိုးကိုရင်း။ သန္တတိတွာ၊ ယုံကြည်ပါကုန်သည် ဖြစ်၍ရင်း။ ထို့ပြင်တဝ။ သုဘလုင်။ပရိပိုဇ်စင်ကို။ရှင်ပင်မြတ်ဖျား။ ပေါ်ထွက်ကြွားသည်မှာ(ကမ္မသကာမာဏဝသတ္တါ)ကံသာဘန်ဆင်း၊အကြောင်းရင်းဟု။ မယွင်းသဘော။(မနောပုဗ္ဗင်္ဂမာဓမ္မာ)ထင်စွာထက်ကြပ်။ နောက်ထပ်မကွာ။ဉာဏ်ကိုပိုင်။ပြုပြင်နိုင်ကြောင်း။ကျမ်းပေါင်းဓမ္မစက်။ ပေါ်ကြွားချက်ကို။ ဘက်စွက်တွေ့ရ၊ ဉာဏ်မရှာဘဲ။ရှေးကံသာသက်သက်။ ကောက်ယူချက်ကို။ထက်မြက်သေချာ။ စဉ်းစားရာသည်မှာ၊ များစွာကြီးလိုအပ်သော အရေးဖြစ်ချေကြောင်း။

ကံဆိုသည်မှာ။ ကမ္မသဒ္ဒါ။ ဆင်းသက် လာသောကြောင့်။ ကမ္မအမှု။ပြုရတွေ့ရာ။ သုံးဖြာဒွါရ။ ပဏာမတို့၏။လှုပ်ရှားပြုပြင်။ အစဉ်ကျက်စားရာဖြစ်သဖြင့်။ ထိုသုံးပါးပြုပြင်မှုကို၊ ကံဟူ၍ ကောက်ယူသင့်ချေသည်မှာ။မှားယွင်းဘွယ်မထင်သင့်ချေ။ ထိုသုံးပါးတို့သည်။ အိပ်ပျော်မိန်းမောရာမှတပါး။

ဖွယ်ရှားပြုဖြင်။ အစဉ်ကျက်စားလျက် ရှိချေသည်မှာ။ပယောဂလုံ့လတို့ကိုထောက်၍။ ကောင်းမှုကိုပြုဖြင်က အကောင်း။ မကောင်းမှုကို ပြုဖြင်က မကောင်း။ ကုသလ အကုသလ ဖြစ်ရချေမည်မှာ။ ဥာဏ်အားဖြင့် ခွဲခြား၍။ ဝီရိယလုံ့လက ပြုဖြင်ရသည် ဖြစ်သောကြောင့်။ ဆိုးကောင်း နှစ်ဖြာ၊ ကံကြမ္မာတို့သည်။ (မနောပုဗ္ဗင်္ဂမာပုဒ်အရ)ရချကြီးပြုဖြင်ချက်ကို။ ခွဲလျက်မကွာ။ ဖြစ်ရရှာ ကြောင်း။ ကျမ်းပေါင်းမွစကင်။ ပေါကြွားချက်ဖြင့်။ ဆက်ဆက်ကြီးယုံကြည်လေးမြတ်ရာဖြစ်ချေကြောင်း။

(ဥပမာ) ကျွန်ုပ်တို့၏ရုပ်သဏ္ဍာန်၌။ (ကမ္မသကာမာဏဝသုတ္တာ) ဒေသနာပုဒ်တော်အရ။ရချကြီးကံအားလျော်စွာ။ ဆူတုံနိမ့်မြင့်။ အဆင့် ဆင့်ဖြစ်ပေါ်လာကြသည်မှာ။ရှေး ပြုခဲ့သောဒွါရသုံးဖြာ။ အလိမ္မာကံအမှုတို့က။ပြုရခြင်းဘဝ၌။ ပစ်ချကာခံရ၏။ထိုခံစားရာမှ။ ဆိုးကောင်းမသိ။ရမိရော။ ပြုလုပ်ပြန်ပါကလည်း။ နောက်နောက်ဘဝ။ ထိုကမ္မ

တို့က။ပစ်ချခြင်းအစီအမံကို။ ရည်သန်ကာခံကြရ လိမ့်ဦးမည်ဖြစ်၍။လူတို့ဥာဏ်သွား။သတိထားစေ ရန်။ ထိပ်ပန် စေဖျား။ မြတ်ဘုရား သည်။ ဆို ကောင်းနှစ်ချက်။ မွေ့စက်ကို။ မိန့်မြွက်ပေါကြား။ ဆုမ္မလျက် ထားသည်နှင့်။ မိမိတို့အလိမ္မာဥာဏ်။ ဝေဘန်ယှဉ်ကျေးစေခြင်းငှာဖြစ်ကြောင်း။ကောင်း ကောင်းကြီးဆင်ခြင်လျက်။ မိမိတို့ပြုရာ။မှတ်ထွာ သည်။မိမိတို့ကိုပင်။အစဉ်ဘန်ဆင်း။ အကြောင်း ရင်းဟု။လက်ငင်းထင်စွါ။အထက်ပါပုဒ်ပါဌ်ပေါင်း တို့က။လမ်းကြောင်းနှင့်သက်သေခံကြပေသည်ဟု ကျွန်ုပ်တို့၏ယုံကြည်ကိုးစားမှုဖြင့်။မျိုးပြုရာဖြစ်ချေ ကြောင်း။

ထပ်မံ တကြောင်း။ ဥပမာလောင်း ဖြန်သော်။ နောက်နောက်ဘဝ။ပြုခဲ့ရသောကောင်းမှုအလိမ္မာ ကံကြောင့်။ယခုဘဝမှာ။ကုသလစိတ်။ပညာသမ္ဘာ ရ။ ကံထောက်မသဖြင့်။ ပေါက်မြောက်စွာ သူဌေး သူကြွယ်ဝမ်းသို့။ သက်ဆင်းကာ ဝင်ရောက်ရ၏။

ထိုသူတို့သည်။ ပစ္စုပ္ပန်အလိမ္မာကံကို။ ထပ်မံ၍အ
သုံးမပြုပေက။ ဘမိရိုးရာ။ ရတနာပစ္စည်း။ ကွယ်ပြေး
လွင့်ပျောက်။ တိမ်ကောမှောက်ရုံမျှမက။ မလိမ္မာမှု
တို့ကြောင့်လည်းပြုလတ္တံ့။ နောက်ဘဝ၌။ သင့်သမျှ
ထို ဖြစ်ဒဏ်ကို။ လက်ငင်း ပင် ခံရလိမ့် မည်အ
ကြောင်း။ ထုံးပုံပေါင်း ဥဒါဟရဏ်တို့ဖြင့်။ လုံခြုံ
စွာညွှန်ပြပြောကြား ပေသည့်အဖြင်။ မျက်မှောက်
ဒိဋ္ဌအားဖြင့်လည်း။ တွေ့မြင်ကြားသိရပေလိမ့်မည်
ဖြစ်သောကြောင့်။ ကံတရားသက်သက် မရှိဘဲ။ ထို
သုံးမျိုးဉာဏ် ဝီရိယတို့ကိုပါ။ ညှိဆ၍ လင်းသင့်ရ
ချေသည်မှာ။ ကျွန်ုပ်တို့၏လိမ္မာမှု အသိဉာဏ်တန်
ခိုးဖြစ်သင့်ရာပေသည်။

ထိုသို့သောချာ။ သုံးဖြာရှေ့သွား၊ သုံးပါးနောက်
ထပ်။ ကံအတတ်ကို။ ကြပ်ကြပ် ခွဲခြမ်းနိုင် ချေမှ။
လောကဓမ္မ။ နှစ်ဌာနအချက်။ သမ္ပတ္တိစက်သည်။ အ
ကွက်ကြီးလည်လိမ့်မည်ဖြစ်သောကြောင့်။ ဝိပတ္တိ
စက်သည်။ ကွယ်ပျက် ပျောက်လွင့်ရ လေအောင်။

လောကဘောင်တိုင်း၌ါန။ ဟုဟုကြီးလီမွှာ ကံ။ဝိရိ
ယပညာဥာဏ်တို့ပါ။ ထက်သန်စွာ ဆည်းပူးသင့်
ပေသည်မှာ၊ မိမိတို့၏ အကျိုး။ ပြည့်ဖြိုး ကြီးမြတ်
ဘွယ်ရာ။ ရတနာ အစစ်။ ဥစ္စာနှစ် ကြီး ဖြစ်ချေ
ကြောင်း။

ထို့ဖြင့်တဖြာ။ကံအရာ၌။ကံယုံမင်းသွီး။ငါ့ဖျင်း
ကြီးတို့၊ ထုံးနည်းတံထွာ၊ စကားလာကို။ စာနာစ
ကါး။အများထင်ကြောင်း။လူဖျင်းသောင်းတို့က။ကံ
အကြောင်း သက်သက်ဟု။ တွက်ချက်ခြင်းမလုံ၍။
ဥဒါဟရဏ်ပြသော်လည်း။အပရာပရိယ။မှုကမ္မကို၊
ဟုဟုမျှော်လင့်။သင့်အတင့်ဖြင့်။ဝင့်ဝင့်ကြီးစွဲနေကြ
ပေသော။ကံပေါင်းစားတို့နှစ်ဖြာတို့မှါ။လိုရာသို့ရ
ကြအောင်။ကြံဆောင်ကာဥါဏ်ဝီရိယဖြင့်။ဘန်ဆ
၍ပြုသင့်ကြပေကြောင်း။ဥါဏ်ပညာလေါင်းပေက၊
ဓာတ်ပေါင်းကြီးပေါ် လိမ့်မည်ဖြစ်သောကြောင့်။
ဥာဏ်စက္ခု ပစ္စုမြားကို။ ဏွာပါး၍ သုံးထိုက်ချေ
သည့်အဖြင်။မနေမနါး။ထိုသုံးပါးကို။ကြီးမားဖြင်း

ထန်။ကြီးပမ်းရန်ကို။တန်တန်မလျော်။မြေပေါ်လေ
က။ဋ္ဌရှိသောပုတ်မျှပြီးလျှင်။မသုံးသေသစက်-သံချေး
တက်။ ချုပ်နေကြအပ်ချေးမကပ်ဟု။ ရည်မှတ်အ
လား။ ထုံးစကားဖြင့်။ပိုင်းခြားတပ်တပ်။ တင့်အပ်
သချာ။ချွေတာသုံးစွဲ။ဂုဏ်အကဲကို။အမြဲပင်ထား
ပြီးလျှင်။ပညာကိုတန်ဆောင်။သီလကို ဂန္ဓာရောင်။
သမာဓိကိုရွှေဂူချောင်၊လောကဘောင်ထုံးစကား၊
ဝရဇိန်သွား သတိဉာဏ်ဖြင့်၊ ဝေဘန်၍ အခွင့်။ကြုံ
ကြိုက်ဘွယ်သင့်သည်မှ၊ကိုယ်အမှုကြီးမားသော
အကျိုး။ပြည့်ပြီးညီညာလိမ့်မည်ဖြစ်ချေသည်။

သမ္ဗုဒ္ဓစက်။ ကျိုးပေးချက် ဆိုသည်မှာ။ ဆန္ဒ
ပြည့်ပြီး။အကျိုးကြီး၍။ဝိပ္ပတ္တိကား။ နာသူအားသို့။
လျော့ပါး သောခေတ်။ စင်စစ်ရချ။ ဆိုထိုက်ရပေ
သည်မှာ။ဤမြန်မာရခိုင်နယ်အတွင်း၊ထင်လင်းစွာ
ယုံမျိုးခြားတို့က၊ကျိုးစီးပွါးထွန်းမြော်လေသည်ကို၊
ပုံယူကာ ထောက်သည်ရှိသော်၊ ရင်းတို့ကကံထူး
သင့်ဟု၍ ဆိုဘွယ်ရာသင့်သည်သာမက၊သဘော်သ

ကြီးစက်ကြီး၊ ကုမ္ပဏီကြီး၊ အရပ်ရပ်လုပ်ငန်းကြီးတို့ကို၊ ထူးဆန်းစွာပြုစုစီရင်သော၊ အနောက်နိုင်ငံသားတို့သည်၊ အလိုအလျှော်၊ ကံကိုသာယုံကြည်လျက် ဖြစ်ပေါ်လာသည်ဟူ၍၊ ဝမ်းနည်းစွာထင်သင့်ဘွယ် ရှိပေသည်၊ အကယ်၍။ ကံအားလျော်စွာ။ ဖြစ်ပေါ်လာသည်ဟူ၍ဆိုငြားအံ့၊ ကျွန်ုပ်တို့ နေ့စဉ်ရှိခိုးသော ဘုရားရှိခိုးကန်တော့ခန်းတွင်၊ ၎င်းတို့ကဲ့သို့ဖြစ်ရန် သို့မဟုတ် ၎င်းတို့ကဲ့သို့ပေါ်ပေါက်ရန်၊ အရပ်ဖြစ်ရှစ်ပါးကို မျက်စိကွယ် မှိတ်ထား၍၊ ဘဝအားတဘန်။ ဆုတောင်းရချေဦးမည်ဖြစ်သောကြောင့်၊ မြတ်ဘုရားဒေသနာတော်ကို၊ ကျူးကျော်ကာဝမ်းနည်းဘွယ်မထင်ထိုက်လှချေ။ ပစ္စက္ခအားဖြင့်။ တနေ့လျှင် ပိုက်ဆံအနည်းငယ်မျှရသော။ ကူလီသမား။ (ဘားရှိကုလား)သည်။ မကြာမီ။ ဘာဘူကြီး ဖြစ်ရသည်ကို၎င်း။ နေ့စဉ်လုပ်ကိုင်သော နိုင်ငံနယ်ချား၊ အမျိုးသားတို့။ တိုးပွါးသော ပြုမူဟန်ကို။ ကျွန်ုပ်တို့အကြံနှင့်နှိုင်းယှဉ်၍၎င်း။ ပစ္စုပ္ပန်အလိမ္မာ။ ကံဥာဏ်ဝိရိ

ယ။ပေါင်းသုံးဝတ္ထုသည်။မျှတလျက်ရှိပေကြောင်း။
ဓညာဥာဏ်လောင်းပေက။ အကောင်းကိုတွေ့မြင်
ထိုက်ချေသည်ဟူ၍။ယုံမှားဘွယ်မရှိသင့်ပေ။

အကြောင်း ပမာဏ။ အကောင်းကို ယူဆ
လျှင်၊ကြွယ်မှု ငွေ့မှု။ ချမ်းသာမှု ဆိုသည်မှာ၊ အခ
တိတ်ပစ္စုပ္ပန်။ နှစ်တန်သောအလီမှာ။ သုံးဖြာသော
ကံဥာဏ်ဝီရိယ။ ထိုသုံးဝမပါချေဘဲ။ ကြီးကဲ ထင်
ပေါ်လိမ့်မည် မဟုတ်ပေ။ ကုသိုလ်ကံစ။ သက်သက်
မ၍။ရတနခွေ့အိုး၊လက်ပေါ်ရောံတိုးသော်လည်း။
ဉါဏ်မျိုးကဆင်ခြင်။ဝီရိယဖြင့်ဖြိုးလျှင်။တည့်ထွင်
ကာနေရာတကျ သုံးစွဲတတ်မှသာ။ မိမိကိုယ်ကျိုး။
အသရေဖြိုးရာမည်ဖြစ်သောကြောင့်။ သုံးဖြာကိစ္စ၊
ပါနတို့၏။ အာလယကြည့်လင်ရာဖြစ်ချေကြောင်း။
(မဂ္ဂဒီပနီ။အရိယာမဂ္ဂဒီပနီ။လောကနိမိ)အခ
ရိုသော။ကဝိမွန်ချာ။မြတ်ဆရာတို့။ မိန့်မှာတော်ပြ
တော်မူသဖြင့်။ကံသက်သက်မကိုးဘဲ။သုံးမျိုးသော
ပယောဂတို့ကို။ အပယောဂတအလို့နှင့် ညီသင့်ပေ

ကြောင်း။ကောင်းကောင်းကြီးတဝင်ချိုရာပေသည်။ အလယာသာ။နေ့ထိုင်မှု၍။ကြွယ်ဝကြီးကျယ်ခြင်းမ ပြည့်ရုံနိုင်ကြောင်း။နတ်ပေါင်းတို့သခင်။ ဝတီ'ဗိုင် မိုးဘုရင်သည်။ သားမျက်ရှင် သုဗိရအား။ ပော ကြား၍ ဆုမွန်တော်မူသည်မှာ။

အနုံ့ဗြာဟုံအဝါယာမ်၊သုခံယဖြဲ့ဒိဂန္တတိ။သု ဗိရတဏ္ဍဂန္တာဟိ။မဋ္ဌတဏ္ဍဝပါပယ။ ။အနုံ့ဗြာ ဟုံ၊လုံ့လထကြွမရှိဘဲ။အဝါယာမံ၊အားမထုတ်ဘဲ။ ယဖြဲ၊အကြင်ဗြာနု တုံဘဝ၌။သုခံ၊ချမ်းသာကို။ အ ဓိဂန္တတိ၊ရနိုင်၏။ သုဗိရ'၊ချစ်သားသုဗိရ။ တွံ၊သင် ချစ်သားသည်။ ဂန္တာဟိ၊သွားလေလော။မဋ္ဌ၊ငါ့ကို လည်း။တဏ္ဍဝ၊ထိုအရပ်သို့သာလျှင်။တွံ၊သင်ချစ် သားသည်။ ပါပယ၊ရောက်အောင်ပို့ပါလော။ ။

ဤသို့အစရှိသောအဓိပ္ပါယ်ကိုထောက်သဖြင့်လည်း ကောင်း၊ ထိုမှတပါး၊ လောကနိဒ္ဒ ကျမ်းတွင်ရှိ သည်မှာ။

ဟီနာနံ ဂစ္ဆတေ ပိဏ္ဍံ၊ ပိရာနံ ဝသန္တကဏ္ဍံ။ ဝဒန္တိ
စဟီနာဓနာ၊ ပုဗ္ဗကမ္မပစ္စယာနာတိ။
လောကေ၊ လောကဌ။ ဟီနာနံ၊ ချို့သော လုံ့လရှိ
ကုန်သော။ ဓနာနံ၊ လူတို့၏။ ပိဏ္ဍံ၊ ဥစ္စာကား။ ပိရာနံ၊
ကြီးသောလုံ့လရှိကုန်သောလူတို့၏။ ဝသန္တကဏ္ဍံ၊
ဥစ္စာ၏အဖြစ်သို့။ ဂစ္ဆတေ၊ ရောက်တတ်၏။ ဟီနာ
ဓနာ။ ယုတ်မာသောသူတို့သည်။ ပုဗ္ဗကမ္မပစ္စယာနာ
တိ၊ ရှေးကံသာပစ္စယာနဟု။ ဝဒန္တိ၊ ဆိုကုန်၏။
နဝဒန္တိ စေဝံဓီရာ၊ ဝါယမိံသုသဗ္ဗကမ္မေ။ နစေ
သိဒ္ဓတိတံကမ္မံ၊ အဖလံဝေကိံဒေါသော။
ဓီရာ၊ ပညာရှိတို့သည်ကား။ ဝေံ၊ ဤသို့။ နဝဒန္တိ၊
မဆိုကုန်။ သဗ္ဗကမ္မေ၊ ခပ်သိမ်းသောအမှုကိစ္စတို့
ကို။ ဝါယမိံသု၊ လုံ့လပြုကုန်ရာသတည်း။ စေ၊ အ
ကယ်၍။ တံကမ္မံ၊ ထိုအမှုသည်။ နသိဒ္ဓတိ၊ မပြီးမြော
က်။ အဖလံဝေ၊ ရည်တိုင်းအကျိုးမပေးသည်ဖြစ်၍။
ကိံ ဒေါသော၊ အဘယ်အပြစ်ရှိအံ့နည်း။ ဟူ၍ရင်း။
ဖြဲဆိုတော်မူသည်ကို။ ရှေးနောက်မျှတ၊ ထောက်ဆ

တွေးမြော်လျက်၊ စဉ်းစားလမ်းသင့်လျော်ပေသည်မှာ၊ ကျွန်ုပ်တို့၏လိုရင်းကိစ္စ၊ ပဓါနအကြီးကျယ်ဆုံးဖြစ်ချေကြောင်း။

ထိုဖြင့်တဝ၊ ကံဉာဏ်စနှင့်၊ ဝီရိယတန်ဆောင်ပျင်းရိမှောင်ကို၊ ခွာရှောင်နှင်ထုတ်လိုက်ပြီးမှ၊ ခေတ်ကာလပစ္စုပ္ပန်၊ အရပ်ရပ်လိမ္မာဥါဏ်ကို၊ အတန်တန်ညှိဆ၍၊ ဝီရိယအရင်းခံပြီးလျှင်၊ အဘန်ဘန်ဆည်ပူးလေ့ကျင့်ရှာမှီးလျက်၊ မြိုးမြီချွေတာသုံးစွဲခြင်းများသည်၊ မိမိတို့ အကျိုး၊ ဂုဏ်ဒြပ် တိုးရာသော အကြောင်းရင်းများဖြစ်သောကြောင့်၊ ထိုအချက်တွင်သက်သက်မဟုတ်၊ ရှေးကံကူက၊ ကြည်ဖြူမြတ်လေးကြွယ်ဝချေး၍၊ ရှေးကုသလ၊ မထောက်မက၊ မရှ ဆေးလေး၊ ကျိုးမပေးဘဲ၊ ယခုကျေးဝီရိယ၊ အတိုး သာ၊ အညီမကွာ၊ ဖြစ်ပေရာကြောင်း၊ ဥပမာလောင်သော်၊ ရှေးဟောင်းအပရာပရိယ၊ ဆော်ချက်မ၍ ပစ္စက္ခသုံးတန်၊ ကံဥါဏ်ဝီရိယ၊ ကြုံကြိုက်ကြသော် ဒီရေပေါ်တွင်၊ အလျော်လေသင့်၊ လှော်ခတ်ကျင့်သ

ကဲ့သို့၊ဆင့်ဆင့်မကျန်၊ အမြန်ခဏ၊ ရောက်ရှာရမည်၊ကံမသမာလှ၊ခွင့်မရ၍၊ဉာဏ်စထင်ထင်၊ လုံ့လယှဉ်သော်၊ဖြင်ဖြင် ရေဆန်၊ အမြန်ဒုက္ခ၊ ထွေခတ်ရဘိသကဲ့သို့၊ တစတစ၊ ဝီရိယကြောင့်၊ မှချဖြည်းဖြည်းရောက်ရာချေမည်ဖြစ်သောကြောင့်၊ဖြောဖြာကမ္မ၊ဥါဏသတ္တိ၊လုံ့လဘိ၍၊သတိပညာ၊ထက်ကြပ်ပါအောင်၊ စွမ်းဆောင်ကျင့်ကြံနိုင်မှသာ၊ မိမိတို့အချက်၊ပိပ္ပတ္တိပျက်၍၊ သမ္ပတ္တိသက်မည်မှာ၊ ယုံမှားဘွယ်မရှိသင့်ချေကြောင်း။

ဤအချက်၌၊ ပြန်တက် မိပ္ပါယ်၊ ကောက်ယူလွယ်သည်မှာ၊ရှေးရှေးဘဝ၊ပြုသမျှကံဉာဏ်၊လိမ္မာဟန်တို့ကြောင့်၊ဒု–သု–ကုသလ၊ဖြစ်ပွားကြပြီးလျှင်၊ယခုမျက်မြင်၊ ထင်ထင်နှံ့မြင့်၊ ဆူကြိုရင့် လျက်၊သင့်တင့်ထူးထွေ၊မသွေကံနှင်း၊အကြောင်းရင်းပဟု၊လက်ငင်းသိမြင်ကြားဘူးရပေ၏။ ယခုထပ်ခါ၊ အလိမ္မာကံ၊ရင့်သန်ကြီးထွား၊ ဉာဏ်ဝီရိယ အားကို၊လားလားယှဉ်မှု၊သုံးမပြုသော်၊ နောင်မှုဘဝ၊မဆို

ကြုံနှင့်၊ ပစ္စက္ခထင်ထင်၊ မျက်မှောက်တွင်ဝယ်၊ ဒိဋ္ဌ
သယ်ဟု၊ ယုံဘွယ်စကား၊ တွေ့ကြုံပြော၍၊ အများ
ပျက်ချော်၊ လူဘော်မဝင်၊ ဖြစ်ကြောင်းအင်ဟု၊ မှတ်
ထင်ယုံကြည်ဘွယ်သင့်သည်မှာ၊ ဝမ်းနည်းဘွယ်
ဖြစ်ချေသည်၊ သို့ကြောင့်ရက်ရက်၊ ကံသက်သက်
ကို၊ မျှော်လျက်ကြုံလာ၊ မတရှာဘဲ၊ ကံဥာဏ်ဝီရိယ
သုံးဦးမျှကို၊ မရချဆတ်ဆတ်၊ ယုံကြည်အပ်ပေသည်၊
ဥာဏ်ဝီရိယ၊ ထိုနှစ်ဝကို၊ မရချအားကိုး၊ ကံမရှိးလျှင်
သည်း၊ ဘုရားဟောတရား၊ မလေးစားကြချေမည်
လောကထင်စွာ၊ လူဓမ္မတာတွင်၊ လောကကောင်း
မှ၊ ဓမ္မကြောင်းခသောကြောင့်၊ ပညာရှိမှ၊ ဥစ္စာရ
သည်၊ ဥစ္စာရမှ၊ ကာယသုခရှိသည်၊ ကာယသုခရှိမှ
လည်း၊ တရားတော်နည်းလမ်းကို၊ ဧချမ်းစွါကျင့်ကြံ
နိုင်ပေသည်။ ထိုသို့ဧချမ်းစွာ ကျင့်ကြံနိုင်မှလည်း
လူနတ်ဗြဟ္မာ၊ ချမ်းသာသုခ၊ ရထိုက်ကြပေသည်
ဝီရိယကံဥာဏ်၊ ရင့်သန်ကြီးထွား၊ လုပ်ဆောင်ဖြ
ဆိုသော်လည်း၊ သက်ကြီးရှိုက်ငင်၊ ပင်တပန်းပန်း

ဆိုခန်းမဟုတ်၊ မိမိပသာဒ၊ ကိုယ်ကိုမ၍၊ လှပစွာအ ချွန်မှန် သုံးစွဲရမည့် ဟူလိုသောကြောင့်၊ လောက ဓမ္မနှစ်ဌာနကို၊ မျှတခါစဉ်းစားဆည်းပူး ထိုက်ပေ သည်ဟူသော၊ မိမိတို့၏ ဆီမီးတန်ဆောင်၊ ပညာ ရောင်ကို၊ ထွန်းပြောင်ခံစား။ သမါဆန္ဒ၊ အာလယ၏၊ ပဓာနနှုံးကြားလမ်းဖြစ်ချေကြောင်း။

ယခုအခါ၊ ကျွန်ုပ်တို့တိုင်းဘွား၊ အမျိုးသားတို့ မှာ၊ အများသောအားဖြင့်။ ကြိုးစား၍ပညာကိုမရှာ၊ လုပ်ကိုင်ရာတွင်လည်းစိတ်မဝင်။ ဥစ္စာအင်ခွဲလည်း မဆည်းပူး။ မိမိတို့စိတ်ကူးကလည်းမပေါက်မြော်၊ ပေါက်မြောက်သောပုဂ္ဂိုလ်တို့ကလည်း ပညာကိုမ ဖြန့်ကြဲ။ ဖြန့်ကြဲလိုသောဆန္ဒရှိပြန်ပါကလည်း၊ တဦး ကိုတဦးမနာခံ။ ပစ္စုပ္ပန်အလိမ္မာရေးမှာလည်း။ ဆွေး နွေး၍မညီညာ။ ညီညာနိုင်ရန်ဩဇာကြီးသူ တို့က လည်း။ ကိုယ်ဘို့ကိုသာထောက်။ အံ့စရာလောက် မျိုးနွယ်ပျက်ကြွားဝါတုတွေကလည်း။ ကြေးငွေမှု ဖြုန်းတီး။ အနည်းနည်းအင်မမျှဘဲ။ မာနကြွားကျင့်

ကျုံကြခြင်းသည်။ (ကာလအလိုက်။ နွားမိုက်သား
မွေး)မရေးမရာ။အနှံ့အပြား၊မြို့သားတောပါ။တုပ
ရှာလျက်။အဖြာဖြာများခြင်းကြီးများရုံမျှမက။တိုင်း
ပြည်နိုင်ငံ။တန်တန်ဆင်းရဲခြင်း။ ဘာသာရေးတိမ်
ကောနစ်နါခြင်း။မျိုးနွယ်ပျက်ပြားဆုတ်ယုတ်ခြင်း။
မိမိတို့ သားစဉ့်မြေးဆက် အခြေအနေ။ အောက်
ကျ သိမ်ဖျင်းခြင်းစသော။ ဝိပ္ပတ္တိဥပါဒ်ဘေးသည်၊
ရေးရေးကြီးတွေ့ကြုံဘိစီးတော့မည်ဟူ၍။ ယခုအ
ခြေအနေ။နှိုင်းတွေစဉ်းစားလျက်။ နဖူးလက်တင်၊
သံဝေဂထင်သင့်သည်မှာ။ များစွာသောအချိန်ဖြုံး
လျက်။ ကုန်ဆုံး၍ လွန်မြောက်လာခဲ့ လေပြီဖြစ်ချေ
ကြောင်း။

ဤအရေ၌၊ကျွန်ုပ်တို့၏ဓညဝတီ။ တိုင်းဌာနီသာ
မဟုတ်ချေ။ မြန်မာနိုင်ငံတော်။ သွမ်းကျောင်ပိတ်ဖုံး
တဝှမ်းလုံးကြုံကြိုက်ပြီး။တို့၍ကြုံကြိုက်ဆဲ။ မတွေ့ရ
ချေ။ဖြစ်ကြရမည်ဖြစ်သောကြောင့်။ မိမိတို့ဘာသာ
သာသနာပြုမင်း ဧကရာဇ်။ ကွယ်လစ် ပြတ်ကင်း

သော်လည်း။သီလဝန်၊ပညာဝန်၊ဂုဏဝန်အပေါင်း။
သူတော်ကောင်းတို့က။ကာလကြောင့်လိမ္မာဉာဏ်
ကို။ သွန်သင်ရန် တာဝန်ကျရောက်လျက်။ လော
ကတ္ထစရိယံ။ ဉာတတ္ထစရိယံ။ နှစ်တန်သောပါရမီ
အရေးကို။ဆွေးနွေး၍ ဦးတည်သင်ပြရန်။ အမှန်ပင်
သင့်လျော် ချေသည်မှာ။ တိုင်းပြည် နိုင်ငံ၏ ဂုဏ်
ကြက်သရေနှင့်တကွ။ ကြွယ်ဝချမ်းသာခြင်း၏ အ
ကြောင်းရင်းမူလဖြစ်ပေကြောင်း။ တနည်းအားဖြင့်
သော်ကား။ အစိန္တေယျ။စောသတ္တသည်။ဟောပြ
တော်မူသော ဒေသနာကံ၌။ ငါ၏ သာသနာတော်
ကို။ဥပါသကာယောကျ်ား။ဥပါသကီမိန်းမ။ရဟန်း
ယောကျ်ား။ရဟန်းမိန်းမ။ထိုလေးဝတို့သည်။ခေတ်
ကာလထားတော်မူခဲ့သည်အတိုင်း။ စောင့်ရှောက်ရစ်
ကြလတ္တံ့။ဟူ၍ရင်း။ဟောကြားသောဗျာဒိတ်ကို။ဦး
ထိပ်ထက် ပန်ဆင်၍။ အင်ခွင်နှင့်အညီ။ သာသနာ
တော် အကျိုး။ အမျိုးသား တို့၏အကျိုး။ ပြည့်
ဖြိုးကျော် ထင်လျက်။ အဆက် ဆက်တင့် ဆန်း

ကြစေရန်၊ခြောက်တန်သော နာယကာ။ မြီးဆလျက်
ဝေဘန်သင့်ပေသည်မှါ၊ကလျာဏပုထုဇ္ဇန်။သပ္ပုရိ
သတ္တုအရေး။ တွေးမျှော်တို့ မလိုပြီ ဖြစ်ချေသော
ကြောင့်။လောကဓမ္မ။ ထောက်ဆညီညာ။ လိမ်မာ
ရန်ကို။ စီမံဖြောင့်ဖျ။ အောခံဇနငယ်သားအပေါင်း
တို့ကလည်း။ ကန့်လန့်ကြောင်းမဝင်။ ဗိလာဆန့်မ
ဖြင်ဘဲ။ (ငါ့အိမ်မှာငါမင်း။ ဘယ်သင်းကိုမှဘာမ
သိ။ဇာမရိတ္တိအသွေး။ရေးရေးကြီးတယ်မစမ်းနှင့်
ဟု)စခန်းကိုမပြဘဲ။လူမျိုးကွဲတံထွာ။ ခေါင်းထည်
ကာအကြီး။ နောက်လိုက်ရန်ပြီးစေ။ အပြည်ပြည်
နှီးသျှည်းဖြင့်။စနစ်ကြီးလိမ်မာဉာဏ်ကို။ရင့်သန်စွာ
ညီညာသင့်လှ ပေသည်မှာ။ (ညီ၍ရုံးက၊ ကျော်
ကုန်းနေပူလွှတ်ရသည်)ဟူသော။ စိတ္တဂဂိဝါခိုမင်း
၏။ဉာဏ်အလင်းဥပမာဖြစ်ချေကြောင်း။

ထိုသို့ကြံကာ။ ဓမ္မတာရေး။ သက်မွေးဇီဝ၊ မှု
ကမ္မတ္တို၌။အောခံကျသေးသွယ်။ ကြီးငယ်ဘာဝ။ပ
မာမခဘဲ။ တည်တည်ကျကျ။ အာဇီဝဟု။ ရိုးစွာ

ဖြောင့်မတ်။ လုံ့လထပ်၍။ အရပ်ရပ်သတိမူပြီးလျှင်။
ရှေးပျိုးထောင်။ ကြံဆောင်လိုက်နာကြခြင်းသည်။
မိတ္တိကုသလ။ ရှေးပဓာနဖြစ်ခဲ့ကြသဖြင့်။ အသင့်
သင်ခြင်း။ အင်ခွင်ဝန်။ ထောက်ဆသုံးစွဲ။ အကဲတတ္တ။
အရအပေါင်း။ နည်းကောင်းသဘင်။ ချယ်လယ်
သင်၍။ ပြည်ခွင်ယဉ်ကျေး။ မမှေးဂုဏ်သိမ်။ စည်း
စိမ်ဥစ္စာ။ သိုမှီးရာသည်ကား။ သာ၍ပင် လောက
ဦး မိတ္တိကြံစည်အောင်မြင်လွယ်ရာ။ ဂုဏ်ဒြပ်ကြီး
ဆိုဘွယ်ရာသင့်သောကြောင့်။ (ပျားကိုပုံထော။ ရေ
ပေါက်နည်းယူ။ ချမူတောင်ပို့။ ပမာကြို့ဟူသော)
ရှေးပညာရှိ။ ကဝိပုဂ္ဂိုလ်။ များထိုထိုတို့၏။ ကြည်
ညိုဘွယ်နှုတ်လုံးသွင်း။ လက်ငင်းကြီးထင်ရှားစွာ။ တ
လျှင် ၁၂ ကျပ်စား၊ ကုလားဒရဝန်တယောက်နှင့်။
တလျှင် ၃ ပိစား။ တိုင်းရင်းဘွားစာရေးတယောက်
တို့။ ၃ နှစ်လောက် လုပ်ကိုင်စဉ်ကို။ မျက်မြင်ဖြင့်
သောက်ရှု၍။ ပညာမှုဝရဇိန်ဉာဏ်။ လောကခံ လူ့
သွား၍။ ကြိုတ်ဝါး၍စွဲမြဲသင့်ပေကြောင်း။

ထိုသို့ဆောင်ရွက်။ ကြံ့တန်လျက်ဖြင့်။အသက်
မွေးမြူခြင်းတည်းဟူသောကိစ္စ။ပရိယေသနသည်။
သူငါမရွေး။ပြည်ယဉ်ကျေးရာသော၊အရာကြီးဖြစ်
ချေသောကြောင့်။ ဗုဒ္ဓ မြတ်စွာ။ သာသနာတွင်။မ
ရောင်းအပ်သော ကုန်ငါးပါး။ မတရားသဖြင့်ရယူ
အပ်သောအဓမ္မိယာလဒ္ဒ၊မှုကိစ္စပစ္စည်းတို့သည်။လော
ကမှ။နှစ်ရွာနှ၌။ပစ္စည်းမြတ်စာရင်း။ တင်သွင်းခေ
တွက်ခြင်းငှါ။အလျှဉ်းပင်မထိုက်တန်ကြောင်းနှင့်
ဇနကဇါတ်ပေါင်း၌။မှတ်ကြောင်းဘွယ်ပြပေသည်
မှာ။မြောက်သားတော် သီဝလီ။ မတရားသဖြင့်ရှိ
အပ်သော။အဓမ္မိယာလဒ္ဒပစ္စည်းတို့သည်။ရိုးဘဝ်
သာ။ ရပုံရသော်လည်း။ အကဲကမသာကေ်။ ဝဲဝက်ရှ
ဓမ္မိယာလဒ္ဒ။ ပစ္စည်းကအာနိသင်ကို။ နှိုင်းယှဉ်စာ
နာခြင်းငှာမတတ်သာပေ။နေမိဇါတ်ဒေသနာတွင်
ငရဲခွင်ဘုံခန်း၌။ ဘန်ဆန်း၍ပြရာ။ မင်းရာဇာခေ
က။ မာတလိဒေဝရာကို။ ခင်းရှိကာ မေးတော်မူ
သည်မှာ။ အချင်းမာတလိ။ ငရဲထိယုတ်မာ။စော

ထိန်းသောဝေမာနိန္နတ်ပြိုင်ရှာတို့သည်။ မည်သည့်
ကြောင့်ဖြစ်ရသနည်းဟူ၍။ ရှယ်ချုကာမေးတော်မူ
ရာတွင်။အရှင်မင်းမြတ်။လူ့နယ်ရပ်၌။အမှတ်မရှိ။
ခမ္ဘီယာလန္ဒ။မဟုတ်ကြတဲ့။ အခမ္ဘီယာလန္ဒ။ ပဋ္ဌည်းမျှ
ဖြင့်။ဒါနကုသလေ။ဆည်းပူးချေသောကြောင့်။ ဒါန
ကားအမြတ်။ပဋ္ဌည်းရပ်ကားမစင်ကြယ်။နှစ်သွယ်
သောကမ္မ။ပေါင်းဆခြင်း ပေါ်နေကြောင့်။ နိရိယာငရဲ
ထိန်းဟု။တွက်ကိန်းကြီးကြုံချေသည်ကို။ ဉာဏ်ချို
ကာစဉ်းစား၍။ ခင်းစကားဘာသာလျော်အောင်။
ဒေသနာတော်အရဟူ၍။ ယုံကြည်မြတ်နိုး။ ကျော်
ထီးတန္ကို။ ပမာပြုလျက်။ ဂရုခမ္မ။မှတ်သင့်ကြပေ
ကြောင်း။

ထိုသို့ဂရုခမ္မ။ ပြုသင့်ကြသည်နှင့် လျော်စွာ။
ချုန်ပ်တို့သည်။လောကတံထွာ။ခမ္မတာဝယ်။ပဥ္စ
မအရှယ်အားဖြင့်ပညာ။ ဒုတိယအရှယ် အားဖြင့်
ဥစ္စာ။တတိယအရှယ်အားဖြင့်ဘာဝနါဟု။စဉ်လာ
စကား။ထုံးတရေး အတိုင်း။ ပဌမအရှယ်ကပင်။

အင်ခွင်ပညာ။ကျိုးစားကာဖြင့်။အရေရေလိမ္မာမှုတို့ကို။ပြုရကာပျိုးထောင်လျက်။ဥါဏ်အရောင်ထွက်စေပြီးလျှင်။ လောကီဘက် ဓမ္မတာ။ အိုးအိမ်ယာပစ္စည်း။သက်မွေးနည်းအခန်းခန်းကို။ထိမ်းမြန်းကာမြိုးမြိုးယဉ်ကျေးပြီးလျှင်။ဒုတိယအရွယ်ကိုကုန်ဆုံးစေရာ၏၊ တတိယအရွယ်တွင်ကား။ ဘာသာရေးရာ။ကုသလာရှာမှီး။သူတော်တို့ထုံးနည်းဖြင့်။ဖြည်ဆည်းသောအရာ။ယူဆကာကျင့်ကြံသင့်ချေသည်မှာ။ သံသရာ စက်လမ်းသို့။ ကွန့်မြန်းကာ မိမိတို့သွားကြရမည်ဖြစ်သော ကိစ္စကြီးအတွက်။ ဆက်ဆက်ကြီး ကိုယ်ပိုင် မိတ်ဆွေကောင်း၊ ရှာမှီးခြင်းဖြစ်ပေသတည်း။

ထိုသို့မိတ်ဆွေကောင်း ရှာမှီးခြင်းတွင်လည်း။ ယခုအခါ။အင်္ဂလိပ်မင်းနိုင်ငံတော်တွင်။ အင်္ဂလိပ်မင်းပညာပေါ်ထင်သဖြင့်။ပေါ့လွှင်ကာတစေ။ မိမိတို့သာသာသနှင့်ဝေးကွာကြပြီးလျှင်။ လောက၏မျက်ဖြင်။ ထက်သန်လျှင်ပဓာန။ အာလယတစ္စဲမိတ်သန်ကို

မြို့ဋ္ဌါန်လှစ်ခါကြွားပြီးချောင်။ မြတ်တရားဂါရဝ၊ နိဝါ
တယွင်းကွက်၍။ အဂါရဝ ဘက်ပွက်ထွန်းကားရှိ
ကြပေသည့်မှာ၊ ဘာသာ၏နည်းလမ်းဓမ္မခန်းအသွယ်
သွယ်။ ဝမ်းနည်းဘွယ်မှီးဆ လိုသူ နည်းပါးကြပေ
သည်ဟု။ ထင်မှတ်ရန်လွယ်ကူရုံမျှမကဘဲ။ လော
ကရေးပေါက်သူတို့ကလည်း။ ရှက်စလောက် ဘာ
သာရေးကို။ အေးလေးပွာပြုဖြင့်။ ဘိလဝန်ရဟာန်း
ကျောင်းတွင်လည်း။ ဓာတုပေါင်းတပည့်တို့က။
လူ့လောက မချယ်လယ်၍။ စာရင်းဝယ် မထား။
အများသောပစ္စုပ္ပန်၌။ ရှင်သန်လျှင်ပြီးစေ။ နောင်အ
ခြနောင်အခန်း။ ယခုကပင် မဆန်းနိုင်ဟု။ လက်
ယ်းကြီး ရိုးကြလေသည်မှာ။ ဘာသာ၏ညှိုးငယ်
ညှိုးငယ်ကြောင်း။ အပေါင်းတို့၏သဘောထား။
ဖြစ်တည်လျက် ပွားကြသဖြင့်။ (ဌက်ပျောပင်စိုက်
ဒိလိုက်ဘပါ) ဤအခါနှင့်၊ နောင်လာနာဂါတ်။ နှိုင်း
ဒ္ဓိအပ်က၊ ကြပ်ကြပ်ကြီး သိစွမ်းနိုင်ဘွယ်ရာရှိ
ချောသဖြင့်။ ပစ္စုပ္ပန်သံသရာ။ နှစ်ဖြာလမ်းကြောင်း။

နည်းဟောင်းနည်းသစ်။ တွဲဘက်စပ်၍၊ စနစ်ကျစွ
ဖံ့သင့်ကြခြင်းသည်။ဝံသာ ပေမ။ သာသနာ့ရက္ခိတ၊
မျိုးဇနတို့၏။ အကျိုးမျှခံစားရာ ဖြစ်သောကြောင့်။
သင်္ချိုနှစ်ဆယ်။ ဝွန်းကာယ တသိန်း။ တွက်ကိန်း
ပြည့်ဆ။ သမ္ဘာရကျိုးကြောင်း။တရားကောင်းကို။
ပန်ဘြောင်းဆည်းပူးတော်မူပေသော။ ကျွန်ုပ်တို့၏
ဗုဒ္ဓကိုယ်တော် မြတ်ကြီးအား။ ကျေးဇူးဆပ် က
တည့်ဖြင့်။အားပြုကာ ကြိုးပမ်းကြစည်ခြင်းသည်။
(သဗ္ဗဒါနံ ဓမ္မဒါနံ၊ သဗ္ဗရသံ ဓမ္မရသော၊ သဗ္ဗရတိံ
ဓမ္မရတိ ဇိနာတိ)ပုဒ်ဓမ္မစကားဖြင့်။ဆံပုံလျက်၊လည်း
လျှောင်း ဆည်းကပ်ခြင်း မည်ချေသည်မှာ။ ပရိ
ယာယ်ကိုဖယ်ရှားကာ။ မှချအားသူတော် မြတ်တို့
ထူးမြတ်သောပါရမီဟု။ဦးတည်ကာပူဇော်ထိုက်
ပါကြောင်း။

ထိုသို့ရှာမှီးဆောင်ရွက်ရာတွင်လည်း။ မိမိတို့
ဇီဝ၊စိုးမရသဖြင့်။ ပုညသမ္ပဒါ၊ ကုသလာကို၊ ပြုခါ
ယဉ်ကျေး၊ စိတ်ဦးတွေး၍၊ မရွေးရံခါ၊အားထားရာ

သည်မှာ၊ (သဗ္ဗေဓမ္မာ အနတ္တာ)ဟု၊ဝစနာတရေး၊ ဖြတ်စကားဖြစ်ပေသည်။တဖြာတန္တု၊ပမါပြုသော်။ ဒိမိတ္ထိုသည်၊ငယ်ရွယ်ကပင်၊အင်ခွင်ဥစ္စာ၊ ရတနာ ပေါ်များ၊ မိဘသားဖြစ်၍၊ စင်စစ် မှန်စွာ၊ ကာလ ခေတ်အား၊ပညာများကို၊အားထားရှာမှီးရာမှ၊ (ဘီ အေ – အင်မ်အေ)၊ ပညာတွေကို၊ ကြေကြေညက် ညက်၊အောင်ပန်းဆက်ပြီး၍၊စိုးမင်းထံပါး၊ မှုထမ်း အားဖြင့်၊သားမယားချေရ ။ တန်တန်အိုးအိမ်၊ ရိပ် ငြိမ်စီးပွား၊များပြားထူထောင်၊ ချမ်းသာဆောင်ပြီး မှ၊အခေါင်မကာ၊ တတိယအရွယ်၊ လွန်ဘွယ်ဝယ၊ ရာဒုဗ္ဗလ၊အချိန်ကျ၍၊ စိုးရထင်ထင်၊ ပင်စင်ငြိမ်း စား၊ထွက်ခွင့်အားဖြင့်၊ ပိုင်းခြားသတ်မှတ်၊ လွတ် လပ်ကြေညာ၊ အခြေသာသော်၊ တရားတော်နည်း လမ်း၊သူတော်တမ်းသို့၊ ရည်မှန်းဖြည့်ကျင့်၊ လိုက် နာသင့်သည်မှာ၊ မည်သည့်ဘာသာ၌ မဆိုဖြစ်ချေ သောကြောင့်။အရှင်စိုးမြတ်၊လောကနတ်တို့သည်၊ ကန့်သတ်သောချိန်အရွယ်ဖြင့်၊ မှုတော်ဝယ်ထမ်း

၄၂ ဓညဝတီရခိုင်ပြည်ကြီး၏အလေ့ပွဲဆွဲစာတမ်း။

သောင်စေပြီးမှ၊ ဘာသာ၏စည်းကမ်း၊ ကျင့်နည်း
လမ်းအခြေခံရန်၊ရည်သန်၍ပေးထားသောအချက်
ကို၊သက်သက်ကြီးဝမ်းမြောက်ဘွယ်၊ ကျေးဇူးဥပ
ကာရ၊ထင်ထိုက်လှပေကြောင်း။

ကျွန်ုပ်တို့သည်၊ အရွယ်သုံးရပ်၊ လူဖြစ်ကျိုးနပ်
ကြစေရန်၊ ပဌမ–ဒုတိယ၊ တိုဝယာ၌၊ ရူးယှဉ်ပညာ
ရတနာစီးပွား၊လို့လာအားဖြင့်၊စိတ်ထား ထက်သန်၊
ကံဥာဏ်ဝီရိယ၊အသုံးချ၍။ လောကတံထွာ၊ ရတ
နာစီးပွား၊ဥစ္စာများကို။ထွန်းကားဆည်းပူးရာပြီးမှ၊
ဘဝအောင်ခန်း။နောင်လမ်းဆုသူ၊ သူတော်မှုဖြင့်၊
ကျင့်ယူအားထားသင့်ကြရာသည့်သာမက။မိမိတို့
ဇီဝ၊စိုးမရ၍၊(အဇ္ဇေဝါ၊သုဝေဝါ၊ပရသုဝေဝါ၊ မရ
ဏံဘဝိဿတိ)ကျမ်းရှိသောချာ။ မရဏာသဘော၊
ယနေ့နက်ဖြန်။ တန်တန်မရချ။ သံဝေဂ ထင်ထင်၊
လိုက်လျော ဆင်ခြင်တော်မူပြီးလျှင်။ ရွယ်သုံးခွင်
တတိယ၌။လှလှကြီးမွေခန်ကို။ အားသန်သန်လက်
သုံးပြုတော်မူထိုက်လှချေကြောင်း။

ထိုသို့လက်သုံး ပြုသင့်သည်နှင့်အညီ။ အလီထီ
ဝဝ။အပရာပရိယာကံတန်ခိုးကြောင့်။ အကျိုးပေး
သန်စွမ်းသဖြင့်။ စွင့်စွင့်ကြီးဆင်းရဲကြသူတို့မှာ။
(သံသရာထက်၊ ဝမ်းစာခက်) ဆိုဘိသကဲ့သို့ရှိရင်း။
(ဆင်းရဲလေလေ၊ သံဝေရရ) ဆိုဘိသကဲ့သို့ရှိရင်း။
မှုကြောင်းမဆ။ မျက်စိမြှတ်လက်လွှတ်ရသည်ကို။
ျားစွာပင်ဝမ်းနည်းသင့်သောလည်း။ ပုဗ္ဗေကတ။
သမ္ဘာရကြောင့်။ ဓနုဥစ္စာ။ဟိတ်ဩဇာနှင့်။ ဖြာဖြာ
ပြည့်စုံသော။ရာဇ္ဈကြီးငယ်။ ကုန်သွယ်သူဌေး။ သိ
ဝန်၊ဂုဏဝန်။ပညာဝန်အပေါင်း။ သပ္ပုရိသူတော်
ကောင်း တို့မှာ။ နှစ်ထောင်းရန် မလျော်ချေ။ အ
ကြောင်းသော်ကား။တတိယအရွယ်။ ရော ဝယ်ဦး
။မကြုံဆနိုင်သော်။ ယနေ့နက်ဖြန်။ ရှေ့ ပွန်နောက်
မ။ ပြကတေ့မှ။အရွယ်အိုမင်း။မဆိုင်းခြင်းဖြင့်။
လက်ငင်းသုဘက်သို့ဆွဲငင်လိမ့်မည်မှာ။မရဏတ
ရား၊ ငြင်းအားသန်တော်မမူနိုင်သော။ ဥဒုံလော
ကကြီး၏အလိုဖြစ်သောကြောင့်တည်း။

ထိုအချိန်သမယ၌။ဓမ္မမထင်။ တယျှာခင်၍။အ
စဉ်ပိဋကာ။ မြေးရှက်ခါဖြင့်။ ဇုန္တါမြစ်တား။ မသမ
ကိစ္စ။အဓမ္မမှု။ကုန်ပြုရောင်းကာ။ ထိုအရာဖြင့်။ဥစ္စာ
စီးပွား။ ရဆောင်းညား၍။ တရေးမဘက်။ ပြုလုပ်
ချက်သည်။ သက်သက်ကြီး ဘဝကို ဖြုန်းတီး ပစ်
လိုက်ကြသည်နှင့်တူသောကြောင့်။ထိုအခါ၌။ ရတ
နာသုခ။ကာမတဏှာ။ ခံစားရာသော။ဆန္ဒအချိန်
သေးသိမ်အားမဲ့ကာ ရှိရာသဖြင့်။ ပဋိစ္စစက်။ ဘ
ဘက်သို့။ ရက်ရက်ကြီးထွန်းကားဘို့ရာ။ (အဝ္ဇ
သမံ၊ပေပံနုဗ္ဗိ)၊စါအရှိကို။သတိယွင်းမဲ့။ကိုယ်ကျိ
ငံ ၍။ ကဲ့ရဲ့ဘွယ်ရာ။ ဉာဏ်စက္ခု၊ လောင်းပေက
ကောင်းကောင်းကြီး ဓမ္မအလင်းကို။ ကွင်းကွင်း
ကြီးထင်မြင်သင့်ပေသည်မှာ။ ကလျာဏပုထုဇ္ဇ
တို့၏။အင်ဒွင်ကြီးကိစ္စဖြစ်ချေကြောင်း။

ဤအချက်၌။ ပြန်ဘက်စကားလာ၊ ဓိပ္ပါယ်ရှာ
သော်။တတိယဣယ်အခါ၌၊ရတနာစီးပွား။ အပရ
ပရိယာ ကံအစွမ်းဖြင့်။ ထွန်းလင်းခြင်း မရှိသော

ကြောင့်။ဆင်းရဲရလျက်။(မသေဝန္နံနတ်ကိုး)ဆိုဘိ
သကဲ့သို့။ အမျိုးမျိုးပင်ပန်း ရှာဖွေစားသောက်ရ
သည်ကို။ ဘဝကံအား လျော်စွာ။ ဝမ်းနည်းသင့်
သော်လည်း။ ကာမာဝစရ၊ ကုသိုလ်မှူ၍။ နေစည်း
စိမ်၊ဂုဏ်သိမ်ခြုပ်၊ အထပ်ထပ်ပြည့်ရုံသော စည်း
စိမ်ရှင်တို့မှာ။အခင်ခွင်ကိုမထောက်ဘဲ။ခတ်မြောက်
မြောက်သဘောထားဖြင့်၊ တရားကို မပစ်ပယ်သင့်
ချေ။ဥပမာအားဖြင့် ဆိုသည်ရှိသော်။ သားမယား
ကိစ္စအတွက်ထက်။ ကိုယ့်ကိစ္စကိုမဖျက်ဘဲ။ မတ
ရားသဖြင့်စဉ်းလဲရယူခြင်း၊ဘိန်းဘင်းကဇော်၊သော်
ဇာအရက်မှစ၍။ မရောင်း အပ်သော ကုန်တို့ကို။
ရောင်းချသုံးစွဲ။အကဲ့ယူခြင်းစသောအလုပ်တို့သည်။
ဗုဒ္ဓမြတ်စွာ။ သာသနာမှအပ၊ ဗာဟိရ နှစ်နာကျိုး
ဖြစ်စေတတ်ကြောင်း။ ကောင်းကောင်းကြီး ဆင်
ခြင်၍။တဏှာကိုမခင်ဘဲ။နောင်အစဉ်မိမိလမ်းကို။
ဘန်ဆန်း၍ ထွင်ထိုက်ပေကြောင်း။ဘာသာဝင်အ
ပေါင်းတို့က။ ကောင်းကောင်းကြီး စဉ်းစားဘွယ်

သင့်လျော်ပေသည့်မှာ။တရားတော်အရ ဖြစ်ပါသ
ဖြင့်။ ရယ်ကာမောကာ။မောင်တကျော်ကို။ရှောင်ခွာ
ပါး၍သွားသင့် သည့်မှာ။ ယခုဘဝ သားမယားအိုး
အိမ်များကိုနှာထက်၊ နောက်ဘဝ ကိုယ့်စည်းစိမ်အ
တွက်ကို။ရောက်ရက်ကြီးလင်းစေလိုသော။ဘာသာ
၏ကိုးစားရာ။မဟာကုဿလဓာတ်တော်။အလောင်း
တော်သုဘာသောမ၏။ပေါ်ပြူသောစွမ်းစက်ကို၊ ဦး
ထိပ်ထက်ပန်ဆင်တော်မူသင့်တဲ့ကြပေကြောင်း။

ဤအရာ၌။သူတော်တို့ထုံးနည်း။နိသျည်းကြေ
ညာ။အင်တံထွာဆိုသည့်မှာ။ဘာသာမထောဘိကျူ။ဘိုး
သူတော်မယ်သီလ။တုပလျက်ကျင့်ကြံမှ။ ဟာန်ကျ
မည်ဟူ၍၊တိုက်ရိုက်ကြီးဆိုလိုသည့်မဟုတ်ချေ။ ယ
ခုလောက။ ပဉ္စကျွမ်းများကျော်တွင်၊ ထောံကရောက်
များလွန်း၍။(သဒ္ဓါပဗ္ဗဇ္ဇိတ၊ဘယပဗ္ဗဇ္ဇိတ)ကျမ်းအရှိ
သောကို။စောကြော၍ ဆင်ခြင်ပြီးလျှင်။အင်ခွင်ကို
ထောံထားလျက်။(ကိုယ်ကောင်းမှသူကောင်း။ ။
တောကောင်း မှဥဒေါင်း။ ။ချုံကောင်းမှပိတ်

ပေါင်း)ရှေးသူပေါင်း သာရကာယ။ဘာဝတွင်မျှတ
သည့်၊ဝိဂူရဇတ်တော်တွင်၊ဆဲ့နှစ်အင်တရေး၊လော
ကသား လူ့ဘောင်တို့၊ နေ့ခင်အဘို့မစိုးရိမ်ရခြင်း
တည်းဟူပေါ ကျင့်ခန်းကို။ မှန်းဆ၍ယူပြီးလျှင်။
(ဒါနတောဘောဂဝါ။ ။သီလတော်သုခိတာ။ ။ဘာ
ဝနာတော်နိဗ္ဗုတာ)။ဒေသနာလမ်းပြ။ဒါနကိုအစ။သီ
လကိုအလယ်။ဘာဝနာဝယ်အဆုံး။သုံးပါးသောစရိ
ယဖြင့်။ ညှိဆကာကျင့်သုံးသော။ ဥပါသကာအင်
ထုံးကို။ နှလုံး၌မြဲမြံ။ (ဗုဒ္ဓသာပုဇ္ဇ် မဟာတေဇ
ဝန္တော။ ။ဓမ္မသာပုဇ္ဇ်မဟာပညာဝန္တော။ ။
သံဃာသာပုဇ္ဇ် မဟာဘောဂဝန္တော)။ ပုဒ်သဘော
အရှင်။ ဘာဝတွက်ပါရမီကို။ ဦးတည် တော်မူကြ
ရန်။မနုသာဏ္ဍုလ္လဘာ။ဗုဒ္ဓုပ္ပါဒနဝမ။ ခေတ်ကာလ
သမ္ပတ္တိကို။စင်စစ်ကြီးစဉ်းစား၍။ တတ်အားသမျှ
လျော်ညီစွာ။လွဲချော်ကာမဆုံးရှုံးသင့်ချေကြောင်း။
ညွှတ်ပျောင်းလျက်တွေးမျှော်။ဘာဝတွက်လျော်ကြ
ရန်။ အမှန်ပင်တော်ပေကြောင်း။ ဝံသာနုအပေါင်း

အသား။ နှုံးကြွားကြောင်းနည်း ဓမ္မကို။ မြိုးဆာ၍ဖြည့် ဆည်းသင့်လှပါပေကြောင်း။

ထိုသို့တွေးမျှော်။အဘဘော်ချက်ရ။အနှစ်ပြု၍။ဆိ သေဋ္ဌချသည်ရှိသော်။ဤဓညာဝတီ၊မြန်မှာနိစက်။ ဝိပ္ပတ္တိသက်သည်မှ။ ဆက်ဆက်ယဥ်ကျေး။ ဆေး လေးမကွက်။ သမ္မတ်စက်ကို။ အချက်ကျလင်းစေ ရန်။သီလဝန်-ဂုဏဝန်၊ပညာဝန်အပေါင်း၊သူတော် ကောင်းတို့က။ လမ်းကြောင်းပြသ။ ဝယာသုံးခွင် ကျင့်စဥ်နိသျှ။ ဆိုဆုံးမလျက်။ ဝံသာနုရက္ခိတ၊ ဝံ သာဝဓုန၊ဝံသာဝိရူဠှ၊ဝံသာဝေပုလ္လ၊ မချမြန့်ပြော၊ ဗိတ်ရွယ်စော၍။မနောဇကောန်။ (လောကတ္ထ စရိယာ၊ ညာတတ္ထ စရိယာ၊ဗုဒ္ဓတ္ထ စရိယာ)။ဗုန်တော်ကိုထော် ဆလျက်။ပေါက်သမျှဝမ်းပုံ။နာယကသံဝိဂုဏ်ကို လုံခြုံ့စွာခွဲခြား၍။ ကာလအားကောသလ္လ။တော ကာပျိုးထောင်သင့်သည်မှာ။ လာလတ့် ဥပါဒ်တော် ကို။ယဥ်ကျေးစွာခံမှုဖြစ်ပေကြောင်း။

ထိုသို့မှန်စွာ။တိုင်းဓညာ၏၊သာယာယဥ်ကျေး။

အသက်မွေးဖြင့်၊ ဘေးဘိုးစဉ်လာ၊ ဆက်ခါစီးပွား။ ပျက်ပြား တိမ်မြုပ်ခြင်းတည်းဟူသော ဘေးဥပဒ္ဒဝေါတ်ရှိသည်။ ရှေ့လျောရပ်တန့်တော် မူခြင်းငှာ။ ခေတ်အလိုက်ထုံးနည်းဖြစ်သောသံဝိဘာဂတရေး ဖြင့်။ မမှားအောင်သန့်စင်၍။ (ဥဗ္ဗာသန၊ အာရက္ခ၊ ကလျာဏ၊ သမဇီဝိတာ)ဟူသောလောကကျင့်ဘွယ် တရေးလေးပါး (သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ)တည်းဟူသော၊ လောကုတ္တရာကျင့်ဘွယ် တရေးလေးပါး။ ပေါင်းရှစ်ပါးစရိယာကို၊ ညွှိဆ၍ဝေဘန်။ ရည်သန်ကာရှုယ်ကောက်၍၊ ပြည်ဦးနှောက်ဥပမာ။ ထိုးဝန်းကာပညာကြွယ်ကြသော။ မြို့-ကြီးငယ်ဒေသ။ ကလျာဏသီလဝန်။ ပညာဝန်သူတော်ကောင်းတို့က။ နှစ်ထောင်းသောမေတ္တာ။ ခေတ်ကာလဥာဏ်ပညာဖြင့်၊ ပန်ဆင်ကာ ရှုယ်ကိုးလျက်၊ တိုးပွါး၍ကြည့်ရှုစီမံတော်မူပါမှ။ အိပ်ပျော်သူ အမျိုးသားတို့ကို။ နိုးကြားသောနတ်ဆေး ဖြစ်ပါကြောင်းနှင့်။ ကြာမညောင်းကြီ့အာဘန်ကို။ မြန်မြန်ကြီး ပြုတော်မူကြမှ။

မြန်နဂရ–ခိုင်ရွှေပြည်။ အကျိုးတော်တွေ့လိမ့်မည် အကြောင်းနှင့်။ စါငွေမောင်းဆင့်ကဲ၍၊ ဆော်ဝှဲ့သင့် ကြွလှပေသည်။

---

## ယခုပစ္စုပ္ပန် လောက၊ ပစ္စက္ခ၏၊ ဒိဋ္ဌဖြစ်သော မျက်မြင်တရားရုများ။

ယခုအခါ၊ ကျွန်ုပ်တို့သည်။ အထူးသဖြင့်၊ ဒုဋ္ဌဘ တရားအားလျော်စွာ၊ ကံကောင်း ထောက်မ၍။ လူ့ဘဝသို့ရောက်ရသည်သာမက။ ဗုဒ္ဓုပ္ပါဒ်၊ နဝမ ခေတ်တည်း ဟူသော။ မြတ်စွာဘုရား သာသနာ တော်မြတ်ကြီးနှင့်။ တွေ့ဆုံကြုံကြိုက်ရကား။ ငါတို့ သည်လှလှကြီးသုဂတိကိုရနိုင်ဘွယ်ရာ၊ တတ်အား သမျှ။ တရွေ့ရွေ့ ပိပိအင်အားကို ထော်လျက်။ ကြိုး စားအားထုတ်က၊ တော်လိမ့်မည်ဟူ၍။ သတိဆင် ခြင်၊ ပညာမြင်သူ နည်းပါးကြရကား။ ကျွန်ုပ်တို့၏

အနန္တကျေးဇူးတော်သခင်။ ဘုရားရှင်၏ သာသနာ
တော်ဖြစ်သည်။မိုဃ်းတိမ်မြူမှုတို့။ ထူထပ်စွာဖုံး
အုပ်ထားသော။ သူရိယာနေမင်းကဲ့သို့။တရွေ့ရွေ့
တဖြည်းဖြည်း။ ပီတိမေ့။ သံဝေဂဖြင့်။ ဝမ်းနည်း
ဘွယ်ရာဖြစ်ချေကြောင်း။

ယခုအခါ။ဗုဒ္ဓဘာသာသနာမည်ခံလျက်။မေ့ခန်
တရားဝတ်တို့ကို။လောကမေ့နှစ်ဌာနအတွက်။ဆည်းပူး
လေ့ကျက်သိကျွမ်းကျေပြွန်သူ၊တရွေ့ရွေ့နည်းပါး
လာကြရကား။ ဘာသာဂီဟိပိနယ။ ဂါရဝနိဝါတ
တရားတို့သည်။ ပါးလျားဝတ်လျှိုး၍။ အဂါရဝတ
ရားများအားဖြင့်။မိဘဆရာ။ရတနာသုံးပါးစသည်
တို့အား။ကျင့်ကြံတိုးပွားကြလေသဖြင့်။မကြာမီအ
တွင်း၊အမျိုးဘာသာ။ တို့နှစ်ဖြာတို့သည်။ ပေးစွာ
ပျောက်လွင့် တိမ်ကော လိမ့်မည်ဟူ၍။ ယခုတုပ
ကျင့်ကြံပုံကိုထောက်ထားသဖြင့်။မြေကြီးလက်ဝါး
ခတ်၊ယုံမှတ်ရပေကြောင်း။

အခြားသောလူမျိုးတို့မှာ။အမျိုးအနွယ်အကျင့်

အာစာရတို့ကို။လုံခြုံစွာစောင့်ရှောက်ထိန်းသိမ်းလျက်။ မိမိတို့ရိုးရာ၊ လောကဓမ္မ။နှစ်ဌာနအတွက်။ လုံ့လဝီရိယဖြင့်။ ကြီးမြတ်သောသူတို့၏ ဩဝါဒအာဏာကို။ ရိုသေကျိုးနွံစွာ နာခံလုပ်ဆောင်သူ များကြသဖြင့်၊ တဖြည်းဖြည်းတိုးတက်ပွားများ လာကြလေသည် ။ ။ကျွန်ုပ်တို့ဗုဒ္ဓဘာသာလူမျိုးတို့မှာ။ထိုကဲ့သို့မဟုတ်ဘဲ၊တဦးကောင်း။ တကိုယ်ကောင်း။ နွားကဲ့ကျားကိုက်။သစ်ထိုးလေညွှင်းဆိုဘိသကဲ့သို့။ထင်မိထင်ရာ။ လူတကိုယ်လျှင်ထင်တလုံးကြနှင့်၊ မာနကြွားပြုကျင့်ဆောင်ရွက်ကြလေသည်မှာ။ အဆုံး၌ အမျိုးဘာသာ၏ အန္တရာယ်ကြီးဟူ၍ ရဲဝံ့စွာဆိုဝံ့သောလည်း။ လွဲကင်းနိုင်မည်မဟုတ်ချေ။

ထိုကဲ့သို့အလိုကိုထောက်သဖြင့်။ဤကမ္ဘာမြေပေါ်တွင်။ ရှိသမျှသောလူမျိုးအပေါင်းတို့အနက်။ဆုတ်ကပ်သည်။ ဗုဒ္ဓဘာသာလူမျိုးများ အတွက်။သက်သက်ရွေးချယ်၍ ထားခဲ့လေသည်ဟူ၍၊ ဝမ်းနည်းစွာမထင်သင့်ချေ။

ယဉ်ကျေးသောတိုင်းကြီးပြည်ကြီး၊စနစ်နည်း
ကိုတုပသင့်ကြသည်ဆိုရာ၌။

၁) ပညာကိုသင်ကြားနည်း။
၂) ဗဟုသုတဆည်းပူးနည်း။
၃) လုံ့လဝီရိယထုတ်ပုံနည်း။
၄) စီမံလုပ်ဆောင်နည်း။
၅) ကြေးငွေရှာဖွေသုံးစွဲခြွေတာနည်း။
၆) အမျိုးဘာသာကို၊ စောင့်ရှောက် ကျင့်ကြံ နည်းအစရှိသည်ကိုတုပသင့်ရာသည်။

မိမိတို့ဘာသာကို(သဗ္ဗေသတ္တာကမ္မသကာ) ဟု၍၊ ဖြစ်ခွါမတုသင့်ချေ။ မိရိုးဘာလာဆိုသည်မှာ သည်း။ ခေတ်ကာလအလိုက်။ မကောင်းရာကိုပစ် ၍။ ကောင်းရာကိုချစ်သင့်ကြရာသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာသည်၊ နှုးညံ့သိမ်မွေ့စွာ ကိုယ်နှင့်အမျှ၊ မေတ္တာဆရမည်။ ကိုယ်မနှစ်သက် က၊ သူလည်းနှစ်သက် လိမ့်မည် မဟုတ်ဟူသော။

မေတ္တာတရား အရင်းထား၍။ ကျင့်ကြံ ရမည်ဖြစ်သောဘာသာဖြစ်ပေသည်။ ။အခြားဘာသာ၀င်လူမျိုးခြားတို့မှာ။မိမိတို့ဘာသာကိုမချွတ်မလွဲ။အမြဲပြုကျင့်သူများကြ၍။ ကျွန်ုပ်တို့ဘာသာမှာ၊ နည်းလမ်းအတိုင်း။ပြုကျင့်သူနည်းပါးလေသည်မှာ။ဗုဒ္ဓဘာသာ အနန္တကလေးမျှသာ ကျရောက်ရောမည်ချေသည်။

ဤလူ့ခွင်လောကြီးမှာ။ ကံတော်၍ လူဖြစ်ကြသည်နှင့်အညီ။တဦးကောင်း။ တကိုယ်ကောင်းသဘောမထားဘဲ။ တဦးကို တဦး။ရိုင်းပင်း ကူညီနှိုးဆော်အပ်လှပေသည်။

(ဤသုံးဆယ့်တဘုံလောကကြီးတွင်။)

(၁) သတ္တ၀ါအလုံးတို့သည်။ ချမ်းသာခြင်းကို အလိုရှိရာ၌ရင်း။
(၂) မိမိတို့ ကိုယ်ခန္ဓာအမြဲမရှိ။ ပျက်စီးဘောက်

ပြန်သေကြရခြင်းအနိစ္စတရား၌ရင်း။တူကြ
ပေသည်။ထိုကြောင့်ကျွန်ုပ်တို့သည်။ယခုအခ
နေအခြေအားဖြင့်။ တာရှည်စွာနေထိုင်ခံစား
ရလိမ့်မည် မဟုတ်ဟူသော သဘောတရား
ကို။အမြဲထားပြီးလျှင်။

(၁) ငါသည်ယခုနေ့လား၊နက်ဖြန်လားအမှန်သေရ
လိမ့်မည်။

(၂) ဤကမ္ဘာမြေပေါ်တွင်။ မြင်လေသမျှ၊ ပုဂ္ဂိုလ်
သတ္တဝါအနန္တ၊ ဝတ္ထုပစ္စည်း အရပ်ရပ်တို့
သည်။နောက်ဆုံးတနေ့၌၊မြေကြီးသြဇာဖြစ်ရ
လိမ့်မည်။

(၃) ငါသည်မွေးစကပင်သေမင်းနိုင်ငံနှင့် အဝေး
ဆုံးဖြစ်သော်လည်း၊။သေမင်းခံတွင်းသို့ သက်
ဆင်းရမည်ကား၊နေ့စဉ်နီးကပ်လျက်။ ယနေ့
လည်းတရက်နီးပြန်လေပြီ။

(၄) ငါသည်၊ချစ်သောသားမယား အဆွေခင်ပွန်း

ဝတ္ထုပစ္စည်း၊ အရပ်ရပ်တို့ကိုခွဲခွါ၍။ စွန့်ခဲ့ရ
သည်ကား။ဘဝပေါင်းမရေမတွက်နိုင်ချေပြီ။

(၅) ဤလောကတွင်၊သောက်ခဲ့၊စားခဲ့၊ပျော်ခဲ့။မြူး
ခဲ့ရခြင်းသည်။လောကုတ္တရာအတွက်။တစုံတခု
အသုံးမကျချေ။

(၆) လောကတွင်၊ စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေ
ပစ္စည်းဝတ္ထု အရပ်ရပ်တို့သည်။ ငါ၏ကိုယ်
ပိုင် မဟုတ်ချေ။

(၇) မကောင်းမှု အကုသိုလ် တရားရတို့ကို ပြု
ကျင့်သဖြင့်။ ခံရမည်ဖြစ်သော အပြစ်တို့ကို။
ငါထောက်မ ကျွေးမွေးပေးကမ်း၍ ထားအပ်
သော၊ သားမယားအခြွေအရံတို့သည်။ ကူညီ
၍မခံ။ငါကိုယ်တိုင်သာခံရမည်။

(၈) ငါပြုလုပ်သောကောင်းမှု၊ မကောင်းတို့သာ။
ငါ၏ ကိုယ်ပိုင်ဥစ္စာ။ ငါ၏မိတ်ဆွေ။ ငါ၏သံ
သရာရိက္ခာထုပ်ကြီးဖြစ်ချေသည်။

ဤကဲ့သို့သောတရားရတို့ကို၊ ဒိဋ္ဌသုတအားဖြင့် ဝေဘန် ဆည်းပူးလျက်၊ အထူးနှလုံးသွင်းပြီးလျှင်။ လောကကျင့်ဘွယ်တရား၊ သံသရာကျင့်ဘွယ်တရားတို့ကို၊ တတ်အားသမျှကိုယ်နှင့်လျော်စွာ၊ တစတစဆည်းပူး၍။ သား၊ သမီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟအိမ်နီးချင်းစသည့်တို့အားလည်း၊ နှိုးကြား လမ်းပြလျက်၊ ဝံသာနုရက္ခိတ၊ ဝံသာဝဍ္ဎန၊ ဝံသာဝိရူဠှ၊ ဝံသာဝေပုလ္လတည်းဟူသော၊ လောကဓမ္မဝတ်တို့၏ အကျိုးကိုရှယ်ကိုးရည်သန်ကြရာပေသတည်း။

ဣဒံမေပုညံနိဗ္ဗာနပစ္စယောဟောတု။

ဓညဝတီရခိုင်ပြည်ကြီး၏အထုပ္ပတ္တိစာတမ်း။
ဤတွင်ပြီး၏။

—ဝ—

INDIAN
BRITISH
27 NO 1914
MUSEUM
COPYRIGHT

ကြော်ငြာစာ။

၁၉၀၇-ခု နှစ်ကာစ၍ "မြန်မာနိုင်ငံ ကူးသ
ရောင်းဝယ်ရေးသတင်းစာ" ကို၊တည်ထောင်ဖွင့်လှ
၍ထုတ်ဝေ ဖြန့်ချိသော "မြန်မာနိုင်ငံကူးသန်းရော
ဝယ်ရေးသတင်းစာ"သည်၊မြန်မာနိုင်ငံတိုင်းရင်းသ
လူမျိုးတို့၏သတင်းစာဖြစ်သည်အတိုင်း။ မြန်မာတို
ဘွားအမျိုးသားတို့၏၊အကျိုးကျေးဇူး ဖြစ်ထွန်း ရန်
သာ၊ အစဉ်မပြတ်ရေးသားဆောင်ပြုလျက် ရှိနေသ
ဖြစ်ပါ၍။မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးတို့မှာ။က
ယသုခ။ စိတ္တသုခ နှစ်ပါးနှင့် ပြည့်စုံ ကြပါစေ။ ဤ
တင်းစာကိုလည်း။ အမြဲအားပေး ကူညီထောက်ပံ့
မြှော်ခြင်းပြုလုပ်နိုင်ကြပါစေသတည်းဟု။ ဆုတောင်
ပတ္ထနာပြုလိုက်ပါသည်။

"မြန်မာနိုင်ငံ ကူးသန်းရောင်းဝယ်ရေးသတင်းစ
ပုံနှိပ်တိုက်" က။ ပိဋကတ် ကျမ်းစာအုပ်။ လောက
ကျမ်းစာအုပ်။စာရင်းစာအုပ်။ပုံစံအမျိုးမျိုး။ဖြတ်ပိုင်
စာအုပ်အမျိုးမျိုး။မင်ရောင် အမျိုးမျိုးနှင့် ကောင်းမွ
ချောမောသေသပ်၊လျင်မြန်စွာ။ရိုက်နှိပ်လုပ်ကိုင်ပေ
နိုင်ပါသည်။